47	1,105,214,623	0.00016	176834	0.01031	11394763
48	1,105,214,623	0.00013	143678	0.00937	10355861
49	1,105,214,623	0.00011	121574	0.00852	9416429
50	1,105,214,623	0.00009	99469	0.00774	8554361
			(4,640,150,763)		8,841,187

IRR = 10 + 10 (8841187/4648991949)

IRR = 10 + 10 (0.0019)

= 10 + 0.019

= 10.019%

<u>တည်ဆောက်လုပ်ကိုင်လည်ပတ်မည့်ကာလအား ဝန်ခံကတိပြုခြင်း</u>

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေအရ ဖွဲ့စည်းတည်ထောင်ထားသော ကျွန်တော်တို့၏ **Amazing Holidays Hotels & Resorts Co., Ltd.** သည် ရခိုင်ပြည်နယ်အစိုးရပိုင်၊ ရခိုင်ပြည်နယ်၊ သံတွဲမြို့နယ်၊ ငပလီဂေါက်ကွင်းမြေ (၁၁၅. ၁၂) ဧကတွင် ကျင်း (၉) ကျင်းပါနိုင်ငံတကာဆင့်မီ ဂေါက်ကွင်း၊ ဟိုတယ်နှင့် **Service Apartment** များတည်ဆောက်၍ **B.O.T** စနစ်ဖြင့် ကနဦးနှစ် (၅၀) နှင့် တစ်ကြိမ်လျှင် (၁၀)နှစ်ဖြင့် သက်တမ်း(၂) ကြိမ်တိုးမြှင့်ငှားရမ်းပြီး လုပ်ငန်းဆောင်ရွက်သွားမည်ဖြစ်ပါသည်။

အဆိုပါလုပ်ငန်းကို မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုမိန့်ရရှိသည့်နေ့မှအနည်းဆုံး နှစ်(၅၀) နှင့်တစ်ကြိမ်လျှင်(၁၀)နှစ်ဖြင့် သက်တမ်း(၂)ကြိမ်အပါအဝင် စုစုပေါင်းနှစ်(၇၀)မပျက်မကွက် လည်ပတ်ဆောင်ရွက်မည်ဖြစ်ပါကြောင်း ဝန်ခံကတိပြုတင်ပြအပ်ပါသည်။

ရိုသေလေးစားစွာဖြင့်

ဦးအောင်မျိုးမင်းဒင်
မန်နေဂျင်းဒါရိုက်တာ
Amazing Holidays Hotels & Resorts Co., Ltd

...ZING HOLIDAYS HOTELS & RESORTS COMPANY LIMITED
...yar Htun Tower, Room No.06-04 / 06-05 / 06-06, 6th Floor, Conner of Mahabandoola St & Bo Myat Htun St, Botahtaung Tsp, Yangon, Myanmar
959-7302 6655, 951 203500, 203502, 203565 ...

<u>ဝန်ထမ်းများသက်သာချောင်ချိရေးနှင့်သာယာပျော်ရွှင်ရေးအစီအမံများ</u>

ကျွန်တော်တို့၏ Amazing Holidays Hotels & Resorts Co., Ltd ဝန်ထမ်းများ၏ သက်သာချောင်ချိရေးနှင့် သာယာပျော်ရွှင်ရေးအတွက်ရက်မှန်ကြေး၊အချိန်ပိုကြေးနှင့် နှစ်သစ်ကူးကာလများတွင် ဝန်ထမ်းများ လျှော်တန်းသုံးစွဲနိုင်ရေး နှစ်သစ်ကူးအပိုဆုကြေးများထုတ်ပေးသွားမည်ဖြစ်ပါသည်၊ ဘာသာရေးနှင့် ဆက်စပ်၍ နေ့ကြီးရက်ကြီးများတွင် ကုသိုလ်ကောင်းမှုပြုနိုင်ရန် အလုပ်ပိတ်ရက်ပေးခြင်းနှင့်ငှင်းပြင်ဝန်ထမ်းများ ၏ လုပ်ရည်ကိုင်ရည်ပေါ်မူတည်ပြီး လုပ်သက်ဆုကြေးများ၊ အပိုဆောင်းဆုကြေးများနှင့်အချိန်ပိုကြေးများ ပေးအပ်သွားမည်ဖြစ်ပါသည်။

ဝန်ထမ်းများကျန်းမာရေးအတွက် ကျန်းမာရေးဝန်ထမ်းထားရှိသွားမည်ဖြစ်ပြီး အရေးပေါ်ဆေးကုသရေးနှင့်လိုအပ်သောဆေးဝါးများထားရှိပေးသွားမည်ဖြစ်ပါသည်၊မြို့နယ်လူမှုဖူလုံရေးအသင်း၏ အသင်းဝင်ရောက်စေမည်ဖြစ်ပြီးနာမကျန်းဖြစ်ပါက ရသင့်သည့်ဝန်ထမ်းအခွင့်အရေးများအပြည့်အဝခံစားခွင့်ပေးပြီး ဆေးကုသမှုခံယူစေမည်ဖြစ်ပါသည်၊ကုမ္ပဏီမှဝန်ထမ်းများ၏စားသောက်ရေးကိုတာဝန်ယူသွားမည် ဖြစ်ပါသည်။

ဝန်ထမ်းများ၏တကိုယ်ရေသန့်ရှင်းရေးများအတွက်သန့်ရှင်းသည့်ရေလုံလောက်စွာရရှိရေးစီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်၊ တည်ဆောက်ရေးလုပ်ငန်းခွင်မှ ထွက်ရှိလာသောအမှိုက်သရိုက်များအား သက်ဆိုင်ရာ စည်ပင်သာယာကော်မတီ၏အစီအမံများအတိုင်းလိုက်နာစွန့်ပစ်သွားမည်ဖြစ်ပါကြောင်းတင်ပြအပ်ပါ သည်။

ရိုသေလေးစားစွာဖြင့်

ဦးအောင်မျိုးမင်းဒင်
မန်နေဂျင်းဒါရိုက်တာ
Amazing Holidays Hotels & Resorts Co., Ltd

<u>ပတ်ဝန်းကျင်ညစ်ညမ်းမှုမရှိစေရန် ဆောင်ရွက်ထားမှု အခြေအနေတင်ပြခြင်း</u>

ကျွန်တော်တို့၏ မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေအရ ဖွဲ့စည်းတည်ထောင်ထားသော Amazing Holidays Hotels & Resorts Co., Ltd. မှ (၉) ကျင်းပါနိုင်ငံတကာဆင့်မီ ဂေါက်ကွင်း၊ ဟိုတယ်နှင့် Service Apartment များကို မြန်မာနိုင်ငံသားများ ရင်းနှီးမြှပ်နှံမှု ဥပဒေအရ BOT စနစ်ဖြင့်လုပ်ငန်းဆောင်ရွက် ရာတွင်ပတ်ဝန်းကျင်ညစ်ညမ်းမှုမရှိစေရန်သန့်စင်ခန်းများအားအလုံအလောက်ထားရှိခြင်း၊ အမှိုက်ပုံးများထား ရှိခြင်း၊လုပ်ငန်းခွင်ပတ်ဝန်းကျင်အားဝန်ထမ်း အင်အားအပြည့်ဖြင့်အချိန်ပြည့်သန့်ရှင်းရေးလုပ်ငန်းများဆောင်ရွက် ခြင်း၊ရေနှုတ်မြောင်းများမှအနံ့များမရှိအောင် ရေနုတ်မြောင်းများကိုရေစီးရေလာကောင်းမွန်အောင် ပြုပြင်ခြင်း လုပ်ငန်းများကို အစဉ်ပြုလုပ်မည် ဖြစ်ပါကြောင်း ဝန်ခံကတိပြုအပ်ပါသည်။

ဆောက်လုပ်ရေးလုပ်ငန်းများမှထွက်ရှိသည့် စွန့်ပစ်ပစ္စည်းများ၊ မြေစာများနှင့်အခြားစွန့်ပစ်ပစ္စည်းများ အား ပတ်ဝန်းကျင်မထိခိုက်စေရန်နှင့်စွန့်ပစ်ပစ္စည်းအမျိုးအစားအလိုက်သတ်မှတ်နေရာများတွင် စနစ်တကျစွန့် ပစ်နိုင်ရန် စီစဉ်ထားမည်ဖြစ်ပါကြောင်း တင်ပြအပ်ပါသည်။

ရေဆိုးများအား သန့်စင်အောင်နိုင်ငံတကာမှသတ်မှတ်ထားသော စံချိန်စံညွှန်းများနှင့်အညီသန့်စင်ပြီးမှ သာ စွန့်ပစ်ခြင်း၊ အမှိုက်များကို စနစ်တကျစွန့်ပစ်ခြင်းနှင့် သက်ဆိုင်ရာအဖွဲ့အစည်းများမှချမှတ် ထားသော စည်းမျဉ်းစည်းကမ်းများကို လိုက်နာမည်ဖြစ်ကြောင်းနှင့် ပတ်ဝန်းကျင်စီမံချက်ရေးဆွဲဆောင်ရွက်သွားမည်ဖြစ် ကြောင်းဝန်ခံကတိပြုပါသည်။

ရိုသေလေးစားစွာဖြင့်

ဦးအောင်မျိုးမင်းဒင်
မန်နေဂျင်းဒါရိုက်တာ
Amazing Holidays Hotels & Resorts Co., Ltd

မီးဘေးကြိုတင်ကာကွယ်မှု အစီအစဉ်တင်ပြခြင်း

ကျွန်တော်တို့၏ မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေအရ ဖွဲ့စည်းတည်ထောင်ထားသော Amazing Holidays Hotels & Resorts Co., Ltd. မှ ဟိုတယ်လုပ်ငန်းကို မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှုဥပဒေအရ BOT စနစ်ဖြင့် လုပ်ငန်း မဆောင်ရွက်ရာတွင် ခေတ်မီမီးသတ်ကာကွယ်ရေးစနစ်များကိုထည့်သွင်းအသုံးပြု၍ ဟိုတည်တည် ဆောက်သွားမည်ဖြစ်ကြောင်းနှင့်ဟိုတယ်မြေနေရာတွင်မီးဘေးကြိုတင်ကာကွယ်မှုအနေဖြင့်ရေဂါလံ (၂၀၀၀၀၀) ဆန့် မြေအောက်ရေသိုလှောင်ကန်ပါရှိပြီးဖြစ်ပါသည်။

၄င်းအပြင်ဟိုတယ်အတွင်း သတ်မှတ်နေရာများတွင် မီးသတ်ဆေးဗူးများချိတ်ဆွဲထားရှိမည့်အပြင် မီးလောင်မှုဖြစ်ပွားပါက အလိုအလျောက် ပေါက်ကွဲမီးငြိမ်းစေမည့် Auto Fire Ball , Sprinkler Smoke Detector များတပ်ဆင်ခြင်းတို့နှင့် ဟိုတယ်ဝန်ထမ်းများအား မီးသတ်သင်တန်းများသို့စေလွှတ်ပြီး အရေးပေါ်အခြေအနေတွင် မီးငြိမ်းသတ်နိုင်ရန် သင်တန်းများပေးသွားမည်ဖြစ်ပါသည်။

ရိုသေလေးစားစွာဖြင့်

ဦးအောင်မျိုးမင်းခင်
မန်နေဂျင်းဒါရိုက်တာ
Amazing Holidays Hotels & Resorts Co., Ltd

AMAZING HOLIDAYS HOTELS & RESORTS COMPANY LIMITED
Bo Myat Htun Tower, Room No.06-04 / 06-05 / 06-06, 6th Floor, Conner of Mahabandoola St & Bo Myat Htun St. Botahtaung Tsp. Yangon, Myanmar
Tel : 959-7302 6655, 951 203500, 203503, 203565 Fax: 951 203566

<u>CSR ရံပုံငွေထားရှိမည်ဖြစ်ကြောင်းဝန်ခံကတိပြုခြင်း</u>

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေအရ ဖွဲ့စည်းတည်ထောင်ထားသော ကျွန်တော်တို့၏ Amazing Holidays Hotels & Resorts Co., Ltd. သည် ရခိုင်ပြည်နယ်အစိုးရပိုင်၊ ရခိုင်ပြည်နယ်၊ သံတွဲမြို့နယ်၊ ငပလီဂေါက်ကွင်းမြေ (၁၁၅. ၁၂) ဧကတွင် ကျင်း (၉) ကျင်းပါနိုင်ငံတကာဆင့်မီ ဂေါက်ကွင်း၊ ဟိုတယ်နှင့် Service Apartment များတည်ဆောက်၍ B.O.T စနစ်ဖြင့် ကနဦးနှစ် (၅၀) နှင့် တစ်ကြိမ်လျှင် (၁၀)နှစ်ဖြင့် သက်တမ်း(၂)ကြိမ်တိုးမြှင့်ငှားရမ်းပြီးလုပ်ငန်းဆောင်ရွက်သွားမည်ဖြစ်ပါသည်။

အဆိုပြုလုပ်ငန်း၏နှစ်စဉ် အမြတ်ငွေမှ ၂% အား CSR ရံပုံငွေအဖြစ်ထားရှိသုံးစွဲမည်ဖြစ် ကြောင်း ဝန်ခံကတိပြုပါသည်။

ရိုသေလေးစားစွာဖြင့်

ဦးအောင်မျိုးမင်းဒင်
မန်နေဂျင်းဒါရိုက်တာ
Amazing Holidays Hotels & Resorts Co., Ltd

Bo Myat Htun Tower, Room No.06-04 / 06-05 / 06-06, 6th Floor, Corner of Mahabandoola St & Bo Myat Htun St, Botahtaung Tsp, Yangon, Myanmar
Tel 959-7302 0655, 951-203500, 203503, 203565 Fax 951-203566

<u>CSR ရံပုံငွေထားရှိမည်ဖြစ်ကြောင်းဝန်ခံကတိပြုခြင်း</u>

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေအရ ဖွဲ့စည်းတည်ထောင်ထားသော ကျွန်တော်တို့၏ Amazing Holidays Hotels & Resorts Co., Ltd. သည် ရခိုင်ပြည်နယ်အစိုးရပိုင်၊ ရခိုင်ပြည်နယ်၊ သံတွဲမြို့နယ်၊ ငပလီဂေါက်ကွင်းမြေ (၁၁၅.၁၂) ဧကတွင် ကျင်း (၉) ကျင်းပါနိုင်ငံတကာဆင့်မီ ဂေါက်ကွင်း၊ ဟိုတယ်နှင့် Service Apartment များတည်ဆောက်၍ B.O.T စနစ်ဖြင့် ကနဦးနှစ် (၅၀) နှင့် တစ်ကြိမ်လျှင် (၁၀)နှစ်ဖြင့် သက်တမ်း(၂)ကြိမ်တိုးမြှင့်ငှားရမ်းပြီးလုပ်ငန်းဆောင်ရွက်သွားမည်ဖြစ်ပါသည်။

အဆိုပြုလုပ်ငန်း၏နှစ်စဉ် အမြတ်ငွေမှ၂%အား CSR ရံပုံငွေအဖြစ်ထားရှိသုံးစွဲမည်ဖြစ် ကြောင်း ဝန်ခံကတိပြုပါသည်။

ရိုသေလေးစားစွာဖြင့်

ဦးအောင်မျိုးမင်းဒင်
မန်နေဂျင်းဒါရိုက်တာ
Amazing Holidays Hotels & Resorts Co., Ltd

Bo Myat Htun Tower, Room No 06-04 - 06-05 - 06-06, 6th Floor, Corner of Mahabandoola St & Bo Myat Htun St ...
Tel 959 7302 6655, 951 203500, 203505, 203565 Fax 951 203566
E mail : online...@amazing-hotel.com sale@amazing-hotel.com Website: www.amazing-hotel.com

<u>လျှပ်စစ်မီတာအားသုံးစွဲခြင်းနှင့်စပ်လျဉ်း၍ဝန်ခံကတိပြုခြင်း</u>

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေအရ ဖွဲ့စည်းတည်ထောင်ထားသော ကျွန်တော်တို့၏ Amazing Holidays Hotels & Resorts Co., Ltd သည် ရခိုင်ပြည်နယ်အစိုးရပိုင်၊ ရခိုင်ပြည်နယ်၊ သံတွဲမြို့နယ်၊ ငပလီဝေါက်ကွင်းမြေ (၁၁၅. ၁၂) ဧကတွင် (၉) ကျင်းပါနိုင်ငံတကာဆင့်မီ ဂေါက်ကွင်း၊ ဟိုတယ်နှင့် Service Apartment များတည်ဆောက်၍ B.O.T စနစ်ဖြင့် ကနဦးနှစ် (၅၀) နှင့် ပါစ်ကြိမ်လျှင် (၁၀)နှစ်ဖြင့် ယင်ပါမ်း(၂)ကြိမ်တိုးမြှင့်ငှားရမ်းပြီးလုပ်ငန်းဆောင်ရွက်သွားမည်ဖြစ်ပါသည်။

အဆိုပြုလုပ်ငန်းအတွက်လိုအပ်သောလျှပ်စစ်မီတာအားကိုမဟာဓါတ်အားလိုင်းမှရယူဆောင်ရွက် သွားမည်ဖြစ်ပြီးမရရှိသည့်အချိန်တွင်ကိုယ်ပိုင်မီးစက် (Generator-350/150/100KVA) ကိုအသုံးပြုဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဝန်ခံကတိပြုပါသည်။

ရိုသေလေးစားစွာဖြင့်

ဦးအောင်မျိုးမင်းဒင်
မန်နေဂျင်းဒါရိုက်တာ
Amazing Holidays Hotels & Resorts Co.,Ltd

<u>ကတိဝန်ခံချက်တင်ပြခြင်း</u>

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေအရ ဖွဲ့စည်းတည်ထောင်ထားသော ကျွန်တော်တို့၏ Amazing Holidays Hotels & Resorts Co., Ltd. သည် ရခိုင်ပြည်နယ်အစိုးရပိုင်၊ ရခိုင်ပြည်နယ်၊ သံတွဲမြို့နယ်၊ ငပလီဂေါက်ကွင်းမြေ (၁၁၅. ၁၂) ဧကတွင် (၉) ကျင်းပါနိုင်ငံတကာဆင့်မီ ဂေါက်ကွင်း၊ ဟိုတယ်နှင့် Service Apartment များတည်ဆောက်၍ B.O.T စနစ်ဖြင့် ကနဦးနှစ် (၅၀) နှင့် တစ်ကြိမ်လျှင် (၁၀)နှစ်ဖြင့် သက်တမ်း(၂)ကြိမ်တိုးမြှင့်ငှားရမ်းပြီးလုပ်ငန်းဆောင်ရွက်သွားမည်ဖြစ်ပါသည်။

အဆိုပြုလုပ်ငန်းနှင့်စပ်လျှင်း၍ အမျိုးသားယဉ်ကျေးမှုနှင့်ပတ်သက်၍ ထိန်းသိမ်းသွားနိုင်ရေး အတွက်သက်ဆိုင်ရာ ဌာန/အဖွဲ့အစည်းအသီးသီး၏ ညွှန်ကြားချက်များအားသိရှိလိုက်နာဆောင်ရွက်မည်ဖြစ်ကြောင်း ဝန်ခံကတိပြုပါသည်၊

ရိုသေလေးစားစွာဖြင့်

ဦးအောင်မျိုးမင်းဒင်
မန်နေဂျင်းဒါရိုက်တာ
Amazing Holidays Hotels & Resorts Co., Ltd

AMAZING HOLIDAYS HOTELS & RESORTS COMPANY LIMITED
Bo Myat Htun Tower, Room No.06-04 / 06-05 / 06-06, 6th Floor, Corner of Mahabandoola St & Bo Myat Htun St, Botahtaung Tsp, Yangon, Myanmar
Tel 959 7302 6655, 951 203500, 203503, 203565 Fax 951-203566

ရေဆိုးစွန့်ပစ်မှုအစီအစဉ်နှင့် Waste Water Treatment Plant တပ်ဆင်ထားမှုတင်ပြခြင်း

ကျွန်တော်တို့၏ ပြန်ပာနိုင်ငံကုမ္ပဏီများအက်ဥပဒေအရ ဖွဲ့စည်းတည်ထောင်ထားသော Amazing Holidays Hotels & Resorts Co., Ltd.မှ (၉) ကျင်းပါနိုင်ငံတကာဆင့်မီ ဂေါက်ကွင်း၊ ဟိုတယ်နှင့် Service Apartment များတည်ဆောက်လုပ်ကိုင်ရာတွင် ရေဆိုးများအား ကမ္ဘာ့ကျန်းမာရေးအဖွဲ့အစည်းမှ သတ်မှတ်ပြဌာန်းထားသော ခေတ်မီနည်းစနစ်များသုံးစွဲ၍ နောက်ဆုံးပေါ်စက် ပစ္စည်းကိရိယာများကိုသုံးစွဲပြီး ရေဆိုးများကိုပတ်ဝန်းကျင်နှင့်အများပြည်သူအား အန္တရာယ်မပြုနိုင်အောင် စနစ်တကျပြုလုပ်ဆောင်ရွက်ပြီးမှသာ ရေမြောင်းများအတွင်းသို့စွန့်ပစ်မည်ဖြစ်ပါသည်။

ဟိုတယ်လုပ်ငန်းဝန်ဆောင်မှုလုပ်ငန်းမှ ထွက်ရှိလာမည့်စွန့်ပစ်ပစ္စည်း၊ အရည်နှင့်စွန့်ပစ်အဆီများအား မြစ်ချောင်း၊ကန်အတွင်းသို့တိုက်ရိုက်စွန့်ပစ်မှုမရှိဘဲသန့်စင်ပြီးမှသာလျှင်စွန့်ပစ်သွားမည်ဖြစ်ကြောင်း တင်ပြအပ်ပါသည်။

ရိုသေလေးစားစွာဖြင့်

ဦးအောင်မျိုးမင်းဒင်
မန်နေဂျင်းဒါရိုက်တာ
Amazing Holidays Hotels & Resorts Co., Ltd

AMAZING HOLIDAYS HOTELS & RESORTS COMPANY LIMITED
Bo Myat Htun Tower, Room No.06-04 / 06-05 / 06-06, 6th Floor, Corner of Mahabandoola St & Bo Myat Htun St, Botahtaung Tsp, Yangon, Myanmar
Tel 959 7302 6655, 951-203500, 203503, 203565 Fax 951 203566
E mail onlinesale@amazing-hotel.com, sale@amazing-hotel.com, Website www.amazing-hotel.com

AMAZING HOLIDAYS HOTELS & RESORTS CO., LTD.

Your Perfect Holidays maker

<u>ဝန်ထမ်းများ၏ဝင်ငွေခွန်ပေးဆောင်ရေးနှင့်စပ်လျဉ်း၍ဝန်ခံကတိပြုခြင်း</u>

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေအရ ဖွဲ့စည်းတည်ထောင်ထားသော ကျွန်တော်တို့၏ Amazing Holidays Hotels & Resorts Co., Ltd. သည် ရခိုင်ပြည်နယ်အစိုးရပိုင်၊ ရခိုင်ပြည်နယ်၊ သံတွဲမြို့နယ်၊ ငပလီဂေါက်ကွင်းမြေ (၁၁၅. ၁၂) ဧကတွင် (၉) ကျင်းပါနိုင်ငံတကာဆင့်ပီ ဂေါက်ကွင်း၊ ဟိုတယ်နှင့် Service Apartment များတည်ဆောက်၍ B.O.T စနစ်ဖြင့် ကနဦးနှစ် (၅၀) နှင့် တစ်ကြိမ်လျှင် (၁၀)နှစ်ဖြင့် သက်တမ်း(၂)ကြိမ်တိုးမြှင့်ငှားရမ်းပြီးလုပ်ငန်းဆောင်ရွက်သွားမည်ဖြစ်ပါသည်။

မိမိတို့ကုမ္ပဏီဝန်ထမ်းများ၏လစာငွေ(၁)နှစ်လျှင်ကျပ် (၄,၈၀၀,၀၀၀/-) အထက် ရရှိသော ဝန်ထမ်းများ၏ဝင်ငွေခွန်ကိုသတ်မှတ်ထားသော နှုန်းထားများအတိုင်းပေးဆောင်ရေး ကုမ္ပဏီမှတာဝန်ယူပေး ဆောင်သွားမည်ဖြစ်ကြောင်း ဝန်ခံကတိပြုပါသည်၊

ရိုသေလေးစားစွာဖြင့်

ဦးအောင်မျိုးမင်းဒင်
မန်နေဂျင်းဒါရိုက်တာ
Amazing Holidays Hotels & Resorts Co., Ltd.

Bo Myat Htun Tower, Room No.06-04 / 06-05 / 06-06, 6th Floor, Corner of Mahabandoola St & Bo Myat Htun St, Botahtaung Tsp, Yangon, Myanmar.
Tel : 959-7302 6655, 951-203500, 203503, 203565 Fax: 951-203566

<u>လျှို့ဝှက်</u>

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

ပြည်ထောင်စုရှေ့နေချုပ်ရုံး

နေပြည်တော်

စာအမှတ်၊ ၂(၅) ၄ - ၁၂ /နပတ( )

ရက်စွဲ၊ ၂၀၁၅ ခုနှစ်၊ ဇွန်လ ၁၂ ရက်

အကြောင်းအရာ။ ပေလီဝေါက်ကွင်းအား အဆင့်မြှင့်တင်ဆောင်ရွက်နိုင်ရေးအတွက် ချုပ်ဆိုမည့် B.O.T စာချုပ်(မူကြမ်း)အပေါ် သဘောထားမှတ်ချက် ပြန်ကြားပေးပါရန်ကိစ္စ

ရည်ညွှန်းချက်။

(၁) ရခိုင်ပြည်နယ်ဥပဒေချုပ်ရုံး၏ ၅-၆-၂၀၁၅ ရက်စွဲပါစာအမှတ်၊ ၁၁(၃) ၁/ ၁ (၅၃၈)

(၂) ရခိုင်ပြည်နယ်ဥပဒေချုပ်ရုံး၏ ၁၉-၅-၂၀၁၅ ရက်စွဲပါစာအမှတ်၊ ၁၁(၄) ပြည်နယ်ဥပဒေချုပ် (၃၄)

(၃) ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ ၁၂-၅-၂၀၁၅ ရက်စွဲပါစာအမှတ်၊ (၇၈၂) ၃/ ၅-၁ (စီမံ)/ အဖရ (ရခိုင်)

(၄) ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ ၃၁-၅-၂၀၁၅ ရက်စွဲပါစာအမှတ်၊ (၈၆၆) ၃/ ၅-၁ (စီမံ)/ အဖရ (ရခိုင်)

၁။ ရခိုင်ပြည်နယ်၊ သံတွဲမြို့နယ်၊ ပေလီဝေါက်ကွင်းအား အဆင့်မြှင့်တင်ဆောင်ရွက်နိုင်ရေး အတွက် ရခိုင်ပြည်နယ်အစိုးရအဖွဲ့နှင့် Adventure Myanmar Tours & Incentives Co., Ltd တို့အကြား ချုပ်ဆိုမည့် B.O.T စာချုပ်(မူကြမ်း)အပေါ် သဘောထားမှတ်ချက်ပြန်ကြားပေးပါရန် ရည်ညွှန်းချက်(၁)ပါစာဖြင့် ပေးပို့တင်ပြလာသောကိစ္စရပ်ဖြစ်ပါသည်။

၂။ အထက်အပိုဒ်ပါ စာချုပ်(မူကြမ်း)အပေါ် သဘောထားမှတ်ချက်ပြန်ကြားပေးပါရန် ရခိုင်ပြည်နယ်အစိုးရအဖွဲ့က ရခိုင်ပြည်နယ်ဥပဒေချုပ်ရုံးသို့ ရည်ညွှန်းချက်(၃)ပါစာဖြင့် ပေးပို့မေတ္တာ ရပ်ခံလာရာ၊ ရခိုင်ပြည်နယ်ဥပဒေချုပ်ရုံးက ရည်ညွှန်းချက်(၂)ပါစာဖြင့် အကြံပြုပြန်ကြားချက်နှင့်အညီ

<u>လျှို့ဝှက်</u>

ပြင်ဆင်ထားသည့် စာချုပ်(မူကြမ်း)ကို ရည်ညွှန်းချက်(၄)ပါစာဖြင့် ရခိုင်ပြည်နယ်ဥပဒေချုပ်ရုံးသို့ ပေးပို့ခဲ့ပါကြောင်း၊ စာချုပ်(မူကြမ်း)သည် ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံမှုဆိုင်ရာ စာချုပ်စာတမ်းဖြစ်သောကြောင့် ပြည်ထောင်စုရှေ့နေချုပ်ဥပဒေပုဒ်မ ၁၂၊ ပုဒ်မခွဲ (ဋ)နှင့်အညီ စိစစ်သဘောထားမှတ်ချက်ပြန်ကြားပေးပါရန် ရခိုင်ပြည်နယ်ဥပဒေချုပ်ရုံးက ဤရုံးသို့ ရည်ညွှန်းချက်(၁)ပါစာဖြင့် ဆက်လက်ပေးပို့တင်ပြလာခြင်းဖြစ်ကြောင်း တွေ့ရှိရပါသည်။

၃။ ရည်ညွှန်းချက်(၁)ပါစာဖြင့် ပေးပို့လာသော စာချုပ်(မူကြမ်း) အပေါ် ဥပဒေရှုထောင့်မှ လေ့လာစိစစ်ပြီး အောက်ပါအတိုင်း သုံးသပ်အကြံပြုအပ်ပါသည် -

(က) စာချုပ်ပါလုပ်ငန်းများကို မြေငှားရမ်း၍ B.O.T စနစ်ဖြင့် ဆောင်ရွက်မည်ဖြစ်၍ B.O.T စနစ်ဖြင့် ချုပ်ဆိုမည့် စာချုပ်အပြင် မြေငှားရမ်းခြင်းစာချုပ်ကိုလည်း သီးခြားချုပ်ဆိုသင့်ပါကြောင်း ဦးစွာအကြံပြု အပ်ပါသည်။ ထိုသို့ချုပ်ဆိုရာတွင် B.O.T စာချုပ်ပါ စည်းကမ်းချက်များနှင့် ကိုက်ညီစေရေးကို သတိပြုစိစစ်ရန် ဖြစ်ပါသည်၊

(ခ) စာချုပ်(မူကြမ်း) အပိုဒ် ၄၊ အပိုဒ်ခွဲ ၅(က)၊ (ဃ)နှင့် အပိုဒ် ၂၃ တို့တွင် ရည်ညွှန်းထားသည့် နောက်ဆက်တွဲများမှာ စာချုပ်တွင်ပူးတွဲထားခြင်း မရှိပါ။ ယင်းနောက်ဆက်တွဲများသည် စာချုပ်၏အရေးကြီးသည့် အစိတ်အပိုင်းများ ဖြစ်သဖြင့် စာချုပ်ချုပ်ဆိုချိန်တွင် ပြည့်စုံမှန်ကန်စွာပူးတွဲထားရှိရန် လိုအပ်ပါသည်။ ထို့ပြင် ငှားရမ်းမည့်မြေပုံသည် ဌာနက တရားဝင်ပိုင်ဆိုင်ခွင့်၊ အငှားချထားပိုင်ခွင့်ရှိရန်နှင့် သက်ဆိုင်ရာ ဌာနက တရားဝင်ရေးဆွဲထားသော မြေပုံဖြစ်ရန် လိုအပ်ပါသည်၊

(ဂ) စာချုပ်(မူကြမ်း) အပိုဒ် ၄၊ အပိုဒ် ၆ တို့တွင် စာချုပ်ပါလုပ်ငန်းဆောင်ရွက်ရန် ငှားရမ်းမည့်မြေဧကနှင့်စပ်လျဉ်း၍ ကွက်လပ်(---------)ဖြင့်သာ ဖော်ပြထားရာ စာချုပ်ချုပ်ဆိုချိန်တွင်ပြည့်စုံမှန်ကန်စွာဖြည့်စွက်ဖော်ပြပြီးဖြစ်ရန် လိုအပ်ပါသည်၊

(ဃ) စာချုပ်(မူကြမ်း) အပိုဒ်ခွဲ ၅(ခ) ငှားရမ်းခြင်းကာလနှင့် အပိုဒ် ၁၀ စာချုပ်သက်တမ်းတိုးခြင်းတို့တွင် ဖော်ပြထားသည့် သက်တမ်းတိုးမြှင့်ခြင်းနှင့် စပ်လျဉ်း၍ ဌာန၏ သဘောတူညီချက်ဖြင့် တိုးမြှင့်နိုင်ကြောင်း ထည့်သွင်းဖော်ပြသင့်ပါသည်၊

(င) စာချုပ်(မူကြမ်း)အပိုဒ် ၅ အပိုဒ်ခွဲ (ဃ) တည်ဆောက်ရေးကာလဖော်ပြထားချက်များမှာ ရှင်းလင်းမှုမရှိပါ။ မည်သည့်လုပ်ငန်းအတွက် တည်ဆောက်ရေးကာလမည်မျှဖြစ်ကြောင်း တိကျစွာသတ်မှတ်ဖော်ပြသင့်ပါသည်။ ဌာနမှ ပြန်လည်စိစစ်ရန်ဖြစ်ပါသည်၊

(စ) စာချုပ်(မူကြမ်း) အပိုဒ်ခွဲ ၆(က)တွင် ငပလီဂေါက်ကွင်းငှားရမ်းခြင်းအတွက် တစ်နှစ်လျှင်ကျပ်သိန်းငါးရာပေးသွင်းရန်ဖြစ်ကြောင်း ဖော်ပြထားပါသည်။ အဆိုပါ ငှားရမ်းခပေးချေခြင်းကို မည်သည့်နေ့ရက်တွင် စတင်တွက်ချက်မည်ဖြစ်ကြောင်း ဖော်ပြထားခြင်းမရှိသဖြင့် ထည့်သွင်းဖော်ပြသင့်ပါသည်၊

(ဆ) စာချုပ်(မူကြမ်း) အပိုဒ်ခွဲ ၆(ခ)နှင့်(ဂ)တို့တွင် ဖော်ပြထားသည့် မြေအသုံးချမှုပရီမီယံကြေးစည်းကမ်းချက်အား သီးခြားခေါင်းစဉ်ဖြင့် ဖော်ပြသင့်ပါသည်၊

(ဇ) စာချုပ်(မူကြမ်း) အပိုဒ်ခွဲ ၆(ဃ)တွင် နှစ်စဉ်ငှားရမ်းခကို (၁)နှစ်လျှင်(၂)ကြိမ်ခွဲ၍ ပေးသွင်းရန်ဖော်ပြထားရာ ငှားရမ်းခပေးသွင်းရန်နှစ်ကြိမ်ကို တိကျစွာဖော်ပြသင့်ပါသည်။ ထို့ပြင် ငှားရမ်းခကို မြန်မာငွေဖြင့် သတ်မှတ်ထားပြီးဖြစ်သဖြင့် အပိုဒ်ခွဲ ၆(စ)တွင် နှစ်စဉ်မြေငှားရမ်းခ US$ သို့မဟုတ် မြန်မာငွေများဟု ဖော်ပြခြင်းသည် ရှင်းလင်းမှုမရှိပါ။ သို့ပါ၍ နောင်ရှုပ်ထွေးမှုမဖြစ်ပေါ်စေရေးအတွက် ဌာနက ပြန်လည်စိစစ်ရန်ဖြစ်ပါသည်၊

(ဈ) စာချုပ်(မူကြမ်း) အပိုဒ် ၁၀ တွင် စာချုပ်သက်တမ်းတိုးခြင်းအား ဖော်ပြထားသော်လည်း စာချုပ်သက်တမ်းကိုတိကျစွာ သတ်မှတ်ဖော်ပြထားခြင်းမရှိ၍

စာချုပ်သက်တမ်းကို ဖော်ပြသင့်ပါသည်။ အဆိုပါစာချုပ်သက်တမ်းသည် ငှားရမ်းခြင်းကာလနှင့် ညီညွတ်မှုရှိစေရန် လိုအပ်ပါသည်၊

(ည) စာချုပ်(မူကြမ်း) အပိုဒ် ၁၃၊ စာချုပ်ရပ်စဲခြင်းစည်းကမ်းချက်တွင် စာချုပ်သက်တမ်းကုန်ဆုံးခြင်းအား စာချုပ်ရပ်စဲနိုင်သည့်အချက်တစ်ရပ်အဖြစ် မင်နီဖြင့် ပြင်ဆင်၊ ဖြည့်စွက်ပေးလိုက်ပါသည်။ ထို့ပြင် အပိုဒ်ခွဲ ၁၃(က)တွင် ဖော်ပြထားသည့် အဓိကတာဝန်များမှာ မည်သည်ကိုဆိုလိုကြောင်း ရှင်းလင်းမှုမရှိသဖြင့် နောင်အငြင်းပွားမှုမဖြစ်ပေါ်စေရေးအတွက် အဆိုပါစာသားအား မင်နီဖြင့် ပယ်ဖျက်ပေးလိုက်ပါသည်၊

(ဋ) စာချုပ်(မူကြမ်း)တွင် အလားတူစာချုပ်များတွင် ထည့်သွင်းဖော်ပြလေ့ရှိသည့် ဒေသဖွံ့ဖြိုးရေးရန်ပုံငွေ စည်းကမ်းချက်အား ထည့်သွင်းဖော်ပြရန်သင့် မသင့် ဌာနက ပြန်လည်စိစစ်သင့်ပါသည်၊

(ဌ) လိုအပ်သောနေရာတွင် မင်နီဖြင့် ပြင်ဆင်ပေးလိုက်ပါသည်။

၄။ ဤစာချုပ်(မူကြမ်း)ကို ပြည်ထောင်စုရှေ့နေချုပ်ဥပဒေနှင့်အညီ ဥပဒေကြောင်းအရသာ ဥပဒေအကြံဉာဏ်ပေးခြင်းဖြစ်ပါသည်။ ဥပဒေရေးရာမဟုတ်သည့် စီမံရေးရာ၊ ဘဏ္ဍာရေးရာ၊ ကျွမ်းကျင်မှုဆိုင်ရာကိစ္စရပ်များကို ဤရုံးအနေဖြင့် မှတ်ချက်ပေးရန်မရှိပါကြောင်းနှင့် ယင်းကိစ္စရပ်များနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာကျွမ်းကျင်သူများနှင့် ဆွေးနွေးညှိနှိုင်းဆောင်ရွက်ရန် အကြံပြုပါသည်။

၅။ Adventure Myanmar Tours & Incentives Co., Ltd သည် ဥပဒေနှင့်အညီ တရားဝင်ဖွဲ့စည်းထားသည့် ကုမ္ပဏီဟုတ် မဟုတ်၊ စာချုပ်ပါလုပ်ငန်းကို လုပ်ကိုင်နိုင်စွမ်းနှင့် လုပ်ကိုင်နိုင်ခွင့်ရှိ မရှိ၊ ငွေကြေးအင်အားပြည့်စုံမှုရှိ မရှိ၊ စာချုပ်တွင် လက်မှတ်ရေးထိုးမည့်သူသည် တရားဝင်လွှဲအပ်ခြင်းခံရသူ ဟုတ် မဟုတ် စသည်တို့အတွက် သက်ဆိုင်ရာစာရွက်စာတမ်းများ တောင်းယူစိစစ်သင့်ပါသည်။

၆။ ဤစာချုပ်(မူကြမ်း)ကို လက်မှတ်ရေးထိုးချုပ်ဆိုပြီးပါက မှတ်တမ်းတင်ထားနိုင်ရန်အတွက် ဤရုံးသို့ မိတ္တူ(၃)စောင်ပေးပို့ရန် မေတ္တာရပ်ခံအပ်ပါသည်။

၇။ ဤအကြံပြုချက်ကို လျှို့ဝှက်အဆင့် သတ်မှတ်ဆောင်ရွက်ရန်ဖြစ်ပါသည်။

(ကျော်ဆန်း)

ညွှန်ကြားရေးမှူးချုပ်

ရခိုင်ပြည်နယ်ဥပဒေချုပ်ရုံး

မိတ္တူ - ရုံးလက်ခံ / မျှောစာတွဲ

ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော် အစိုးရ

ရခိုင်ပြည်နယ်အစိုးရအဖွဲ့

နှင့်

Amazing Holidays Hotels & Resorts Co.,Ltd တို့၏

သံတွဲမြို့နယ်၊ ပေလိဂေါက်ကွင်းအား

(B.O.T) စနစ်ဖြင့်

ငှားရမ်းခြင်း သဘောတူစာချုပ်မူကြမ်း

နေရာ။ ။စစ်တွေမြို့

ရက်စွဲ ။ ။ - - ၂၀၁၆

သံတွဲမြို့နယ်၊ငပလီဂေါက်ကွင်းအား B.O.T စနစ်ဖြင့်ငှားရမ်းခြင်း သဘောတူစာချုပ်

ဤသဘောတူစာချုပ်ကို ၂၀၁၆ ခုနှစ်၊ ------လ ၊ ( ) ရက်နေ့တွင် ရခိုင်ပြည်နယ်၊ စစ်တွေမြို့၌ ------------ရာထူး--------------------ကိုယ်စားပြုသော ရခိုင်ပြည်နယ်အစိုးရအဖွဲ့ (နောင်တွင် "အငှားချထားသူ" ဟု ခေါ်တွင်စေပြီး ယင်းစကားရပ်တွင်၎င်းအား ဆက်ခံသူများ၊ ဥပဒေအရလွှဲအပ်ခြင်း ခံရသူများပါဝင်သည်) ကတစ်ဖက်

နှင့်

ဦးအောင်မျိုးမင်းဒင်၊ မှတ်ပုံတင်အမှတ်(၁၂/ကမရ(နိုင်)၀၂၈၁၂၂၊ အုပ်ချုပ်မှုဒါရိုက်တာ ကိုယ်စားပြုသော မြန်မာနိုင်ငံ ကုမ္ပဏီများအက်ဥပဒေအရ ဖွဲ့စည်းတည်ထောင်ထားသည့် ရန်ကုန်တိုင်းဒေသကြီး၊ဗိုလ်တထောင်မြို့နယ်၊ မဟာဗန္ဓုလလမ်းနှင့်ဗိုလ်မြတ်ထွန်းလမ်းထောင့်၊ဗိုလ်မြတ်ထွန်းကိုဒိုမီနီယံ(၆)လွှာ၊အခန်း(၀၆-၀၄၊၀၆-၀၅၊၀၆-၀၆)တွင် တည်ရှိသသည့် Amazing Holidays Hotels & Resorts Co.,Ltd (နောင်တွင် "အငှားချထားခြင်းခံရသူ" ဟု ခေါ်ဆိုမည်ဖြစ်ပြီး ယင်းစကားရပ်တွင် ဥပဒေအရ လွှဲအပ်ခြင်းခံရသူများနှင့် ၎င်းအားဆက်ခံသူများနှင့် တရားဝင်ကိုယ်စားလှယ်များ ပါဝင်သည်)က အခြားတစ်ဖက်တို့သည် အောက်ပါ စည်းကမ်းချက်များနှင့် အညီ နှစ်ဦးနှစ်ဖက် B.O.T စနစ်ဖြင့်မြေငှားရမ်းခြင်းသဘောတူစာချုပ်ချုပ်ဆိုပါသည်။

၁။ **ရည်ရွယ်ချက်**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ခေတ်မီဖွံ့ဖြိုးတိုးတက်ပြောင်းလဲလာမှုများနှင့်အညီ ရခိုင်ပြည်နယ် အစိုးရအဖွဲ့ပိုင်မြေဖြစ်သော သံတွဲမြို့နယ်၊ ငပလီဂေါက်ကွင်းအား နိုင်ငံတကာအဆင့်မှီပြင်ဆင်ဆောင်ရွက်နိုင်ရန်နှင့် နိုင်ငံတကာအဆင့်မီဟိုတယ်လုပ်ငန်းများဆောက်လုပ်ခြင်းဖြင့် ပြည်သူများ၏အလုပ်အကိုင်အခွင့်အလမ်းနှင့် စီးပွားရေးဖွံ့ဖြိုးမှုများ ပိုမိုတိုးတက်မှုရရှိစေရန် ရည်ရွယ်၍ချုပ်ဆိုခြင်း ဖြစ်ပါသည်။

၂။ **အာမခံခြင်းနှင့် ကိုယ်စားပြုခြင်း**

အငှားချထားသူ သည် နောက်ဆက်တွဲများတွင် အသေးစိတ်ဖော်ပြထားသော အငှားချထားသည့် ရခိုင်ပြည်နယ်၊သံတွဲမြို့နယ်၊ငပလီဂေါက်ကွင်း(၁၁၅ဒသမ၁၂)ကေရှိဂေါက်ကွင်းလုပ်ငန်းနှင့် အဆောက်အဦများကိုဥပဒေအရ တရားဝင်ပိုင်ဆိုင်ခွင့်ရှိသူဖြစ်ကြောင်း အာမခံပါသည်။အငှားချထားခြင်းခံရသူ သည် မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှုဥပဒေအရအထက်ပါမြေကို B.O.T စနစ်ဖြင့်ငှားရမ်းပြီး နိုင်ငံတကာအဆင့်မှီဂေါက်ကွင်းနှင့် ဟိုတယ်လုပ်ငန်းများလုပ်ကိုင်ရန် စာချုပ်ကို အကောင်အထည်ဖော်ရန် ငွေကြေးအင်အားပြည့်စုံသူဖြစ်ပြီး အငှားချထားသူနှင့်အငှားချထားခြင်းခံရသူသည် စာချုပ်တွင် လက်မှတ်ရေးထိုးချုပ်ဆိုခွင့်ရှိသူများဖြစ်ကြောင်းနှင့် ဥပဒေအရလုပ်ပိုင်ခွင့်ရှိသူများဖြစ်ကြောင်း အသီးသီး အာမခံပါသည်။

၃။ **အငှားချထားသည့် မြေတည်နေရာနှင့် ငှားရမ်းခြင်းသက်တမ်း။** ငှားရမ်းသည့်မြေတည်နေရာ၊ ငှားရမ်းခြင်း သက်တမ်းနှင့် ဆောင်ရွက်ရမည့်လုပ်ငန်းတို့ကို အောက်ဖော်ပြပါအတိုင်း ဆောင်ရွက်ရပါမည်-

(က) **ငှားရမ်းသည့်မြေတည်နေရာ။** ရခိုင်ပြည်နယ်၊ သံတွဲမြို့နယ်ရှိ ရခိုင်ပြည်နယ်အစိုးရအဖွဲ့ပိုင် မြေ (၁၁၅ဒသမ၁၂)ဧက ပူးတွဲ (၁) ဖြင့်တင်ပြထားသော မြေပုံတွင် အနီအမှတ်အသားပြထားသည့် ဘောင်အတွင်းရှိမြေဖြစ်ပါသည်။

(ခ) **ဆောင်ရွက်မည့်လုပ်ငန်း။** (၉)ကျင်းပါ နိုင်ငံတကာအဆင့်မှီဂေါက်ကွင်းလုပ်ငန်း၊ အခန်း(၈၈)ပါ Amazing Golf Resort နှင့် အခန်း(၄၀)ပါ Luxury Apartment လုပ်ငန်းဆောင်ရွက်ခြင်းကို အငှားချထားခြင်းခံရသူက မိမိစရိတ်ဖြင့် တည်ဆောက်လုပ်ကိုင်ရမည်ဖြစ်ပါသည်။

(ဂ) **ရင်းနှီးမြှုပ်နှံမှုပမာဏ။** အမေရိကန်ဒေါ်လာ (၆ . ၆၀၉)သန်းအပါအဝင် မြန်မာကျပ်ငွေ (၁၁၆၉၇ . ၂)သန်း ဖြစ်ပါသည်။

၄။ **ငှားရမ်းခနှုန်းထားနှင့် ငွေပေးချေခြင်းနည်းလမ်း။** အငှားချထားခြင်းခံရသူသည်အပိုဒ်(၃)ပါမြေ(၁၁၅ . ၁၂)ဧက အတွက် ငှားရမ်းခကို အောက်ပါအတိုင်းပေးဆောင်ရမည်–

(က) အငှားချထားခြင်းခံရသူသည် ပေလီဂေါက်ကွင်းငှားရမ်းခြင်းအတွက် တစ်နှစ်လျှင်ကျပ်(၅၀,၀၀၀,၀၀၀/-)(ကျပ်သိန်းငါးရာတိတိ) ကို အငှားချထားသူသို့ ပေးသွင်းရမည်။

(ခ) မြေအသုံးချမှုပရီမီယံကြေးအား ပြည်နယ်အစိုးရရန်ပုံငွေအဖြစ် ကျပ်သိန်း(၁၀၀၀၀/ ကျပ်သိန်းတစ်သောင်း) အား

–ပထမအကြိမ်အား B.O.T စနစ်ဖြင့်မြေငှားရမ်းခြင်း စာချုပ်ချုပ်ဆိုပြီး(၁)လ ကျပ်သိန်း(၁၇၀၀/ကျပ်သိန်းတစ်ထောင့်ခုနှစ်ရာ တိတိအားလည်းကောင်း၊

–ဒုတိယအကြိမ်အားB.O.T စနစ်ဖြင့်မြေငှားရမ်းခြင်း စာချုပ်ချုပ်ဆိုပြီး(၆)လ အတွင်း ကျပ်သိန်း(၂၇၆၇/ ကျပ်သိန်းပေါင်းနှစ်ထောင့် ခုနှစ်ရာခြောက်ဆယ့်ခုနှစ် တိတိအားလည်းကောင်း၊

–တတိယအကြိမ် B.O.T စနစ်ဖြင့်မြေငှားရမ်းခြင်း စာချုပ်ချုပ်ဆိုပြီး(၁၂)လ အတွင်းကျပ်သိန်း(၂၇၆၇/ ကျပ်သိန်းပေါင်းနှစ်ထောင့် ခုနှစ်ရာခြောက်ဆယ့်ခုနှစ် တိတိအား လည်းကောင်း၊

–စတုတ္ထအကြိမ်အားB.O.T စနစ်ဖြင့်မြေငှားရမ်းခြင်း စာချုပ်ချုပ်ဆိုပြီး(၁၈)လ အတွင်းကျပ်သိန်း(၂၇၆၆/ ကျပ်သိန်းပေါင်းနှစ်ထောင့် ခုနှစ်ရာခြောက်ဆယ့်ခြောက် တိတိအားလည်းကောင်း၊ ၄ ကြိမ်ခွဲ၍ပေးသွင်းရမည်။

(ဂ) မြေအသုံးချမှုပရီမီယံကို အထက်အပိုဒ်(ခ)ပါ သဘောတူညီချက်အတိုင်း အချိန်မှီပေးချေခြင်းမပြုနိုင်ပါက ကျော်လွန်သည့်တစ်ရက်လျှင် ပေးချေရမည့်ငွေ၏ (၀ . ၀၅%)(ဒသမသုညငါးရာခိုင်နှုန်း)နှင့်ညီမျှသော ငွေကို ဒဏ်ကြေးအဖြစ် အငှားချထားခြင်းခံရသူက ပေးဆောင်ရမည်။

(ဃ) နှစ်စဉ်ငှားရမ်းခ(၁)နှစ်လျှင် ကျပ်(၅၀,၀၀၀,၀၀၀/-)(ကျပ်သိန်းငါးရာတိတိ)ကို (၆)လလျှင်တစ်ကြိမ်(၂)ကြိမ်ခွဲ၍ ပေးသွင်းရမည်။

(င) နှစ်စဉ်မြေငှားရမ်းခကို အထက်အပိုဒ်(ဃ)ပါ သဘောတူညီချက်အတိုင်း အချိန်မှီပေးချေခြင်းမပြုပါက

ကျော်လွန်သည့်တစ်ရက်လျှင် ပေးချေရမည့်ငွေ၏ (၀ ‧ ၀၃%) (ဒသမ သုညသုံးရာခိုင်နှုန်း) နှင့်ညီမျှသော ငွေကို ဒဏ်ကြေးအဖြစ် အငှားချထားခြင်းခံရသူက ပေးဆောင်ရမည်။

(စ) အထက်အပိုဒ်(ဃ)အရ သတ်မှတ်ထားသော နှစ်စဉ်မြေငှားရမ်းခ မြန်မာငွေများကို (၁)နှစ်လျှင် နှစ်ကြိမ်ပေးသွင်းရမည်။

(ဆ) ငွေပေးသွင်းရာတွင် မြန်မာငွေကို -----စာရင်းအမှတ်၊အမ်ဒီ------ သို့ပေးသွင်းရန်နှင့် ငွေသွင်းပြေစာမူရင်းများ ပေးပို့ရမည်။

(ဇ) ငှားရမ်းခများကို ပေးဆောင်ရန်အချိန်စေ့ရောက်ပြီးသည့်နေ့မှစ၍ ရက်ပေါင်း(၃၀)အတွင်း အငှားချထားခြင်းခံရသူက အထက်အပိုဒ်(ဆ)ပါ ငွေစာရင်းခေါင်းစဉ်သို့ ပေးသွင်းရမည်။

(ဈ) နှစ်စဉ်ငှားရမ်းခကို (၅)နှစ်(ငါးနှစ်)တစ်ကြိမ် နှစ်ဖက်ပြန်လည်ညှိနှိုင်းသုံးသပ်ရမည်။ အကယ်၍ ငှားရမ်းထပ်မံတိုးမြှင့်မည်ဆိုပါက ယင်းတိုးမြှင့်သည့်နှုန်းသည် မူလငှားရမ်းခ၏(၁၀%)ထက် မကျော်လွန်စေရ။

၅။တည်ဆောက်ရေးကာလ

စာချုပ်ချုပ်ဆိုသည့်နေ့မှစ၍ (၂)နှစ်အတွင်း တည်ဆောက်ရေးလုပ်ငန်းများကိုအပြီးသတ်ဆောင်ရွက်ရမည် ဖြစ်ပါသည်။

၆။မြေငှားသက်တမ်း

ဤB.O.T စနစ်ဖြင့်မြေငှားရမ်းခြင်းသဘောတူစာချုပ်ပါ မြေငှားသက်တမ်းမှာ စာချုပ်လက်မှတ်ရေးထိုးပြီးနောက် တည်ဆောက်ရေးကာလ(၂) နှစ်ပြည့်သည့်နေ့ (- -၂၀၁၈) မှ စ၍ ကနဦး နှစ်(၅၀) ဖြစ်ပြီး တစ်ကြိမ်လျှင် (၁၀) နှစ်ဖြင့် သက်တမ်း(၂)ကြိမ်အထိ တိုးမြှင့်နိုင်သည်။

၇။ **အငှားချထားခြင်းခံရသူ၏ တာဝန်နှင့် အခွင့်အရေးများ**။အငှားချထားခြင်းခံရသူသည် အောက်ပါစည်းကမ်းများအား လိုက်နာဆောင်ရွက်ရမည်ဖြစ်ပါသည်-

(က) အငှားချထားခြင်းခံရသူသည် အဆိုပြုတင်ပြထားသောအဆောက်အဦးအမျိုးအစားအလိုက်၏ အရေအတွက်များအတိုင်းသာဆောက်လုပ်သွားရမည်ဖြစ်ပြီးပြောင်းလဲပြင်ဆင်ဆောက်လုပ်လိုပါက အငှားချထားသူထံ ပြန်လည်တင်ပြ၍ အတည်ပြုချက်ရယူပြီးမှသာဆောက်လုပ်ခွင့်ပြုရမည်။

(ခ) အငှားချထားခြင်းခံရသူသည် အငှားချထားစဉ်ကာလအတွင်း ယင်းမြေ၏ လုပ်ငန်းတစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ တစ်ဆင့်အငှားချထားခြင်း၊ ထုခွဲရောင်းချခြင်း၊ တနည်းနည်းဖြင့်တစ်ဆင့် လွှဲပြောင်းခြင်းမပြုလုပ်ရ။

(ဂ) အငှားချထားခြင်းခံရသူသည် တည်ဆဲဥပဒေများအရ မြေငှားရမ်းထားသည့်ကာလအတွင်း ယင်းမြေပေါ်ရှိ ဆောက်လုပ်ထားပြီး၊ ဆောက်လုပ်မည့် မည့်သည့်အဆောက်အအုံကိုဖြစ်စေ(သို့မဟုတ်)အဆောက်အအုံ၏ အစိတ်အပိုင်းများကိုဖြစ်စေ-

(၁)အခြားအဖွဲ့အစည်း/ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ထံသို့ ထပ်ဆင့်ငှားရမ်း၊လွှဲပြောင်းခြင်း၊အပ်နှံခြင်းနှင့် စွန့်လွှတ်ခြင်းများ ဆောင်ရွက်နိုင်သည်။

(၂) မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံကော်မရှင်နှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ခွင့်ပြုချက်ကို ရယူ၍ ငှားရမ်းထားသော မြေ (သို့မဟုတ်) ၎င်းမြေပေါ်ရှိ တည်ဆောက်ထားသော အဆောက်အဦးများကို အာမခံပစ္စည်းအဖြစ် ထားရှိ ဆောင်ရွက်ခြင်း (အိမ်ရာချေးငွေအပါအဝင်) နှင့် ဆောင်ရွက်ခွင့်ရရှိသူ အဖွဲ့အစည်း/ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား အပ်နှံဆောင်ရွက်ခွင့်ပြုနိုင်သည်။

(ဂ) ငှားရမ်းသည့်အချိန်ကာလအတွင်း မြေပေါ်တွင်တည်ဆောက်မည့် အဆောက်အဦးများကို မီးအာမခံနှင့် အခြားလိုအပ်သောအာမခံများကို မြန်မာ့အာမခံဥပဒေအရထားရှိရန် အငှားချထားခြင်းခံရသူကတာဝန်ယူရမည်။

(ဃ) အငှားချထားခြင်းကိစ္စနှင့်စပ်လျဉ်း၍ မြေခွန်မှအပအခြားစည်ပင်သာယာခွန်အပါအဝင်လုပ်ငန်းဆောင်ရွက်မှုနှင့်သက်ဆိုင်သောအခွန်အခအားလုံးကို အချိန်မှန်မှန်ပေးသွင်းရမည်။

(င) အငှားချထားခြင်းခံရသူက ဂေါက်ကွင်းနှင့် ဟိုတယ်လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ ဝင်ငွေစာရင်းအင်းများကို စနစ်တကျထားရှိရမည်။

(စ) နိုင်ငံတော်မှ ချမှတ်ထားသော မူဝါဒများကိုလိုက်နာ၍ တရားဥပဒေနှင့် ငြိစွန်းသော လုပ်ငန်းရပ်များ လုပ်ဆောင်ခြင်းမှ ရှောင်ကျဉ်ရမည်။

(ဆ) စာချုပ်ပါလုပ်ငန်းများဆောင်ရွက်ရာတွင် နည်းပညာအရသော်လည်းကောင်း၊ စီမံခန့်ခွဲမှုအရသော်လည်းကောင်း၊ ရင်းနှီးမြှုပ်နှံမှုအရသော်လည်းကောင်း၊ အငှားချထားသူ၏ ခွင့်ပြုချက်ဖြင့် အခြားကုမ္ပဏီ(၁)ခုနှင့် ပူးပေါင်းဆောင်ရွက်နိုင်သည်။ သို့ရာတွင် အငှားချထားသူအား ဤစာချုပ်ပါတာဝန်များမှ ကင်းလွတ်ခွင့်ပြုမည် မဟုတ်ပါ။

၈။ **အငှားချထားသူ၏ တာဝန်များ။** အငှားချထားသူသည် အောက်ပါစည်းကမ်းများအား လိုက်နာဆောင်ရွက်ရမည်ဖြစ်ပါသည် -

(က) အငှားချထားသူသည် ငှားရမ်းသည့်မြေခွန်ကို ပေးဆောင်ရမည်။

(ခ) အငှားချထားသူသည်လုပ်ငန်း ဆောင်ရွက်ခွင့်ရရှိရေးအတွက် လိုအပ်သောခွင့်ပြုချက်များ အငှားချထားခြင်းခံရသူက ရရှိရန်ကူညီဆောင်ရွက်ပေးရမည်။

(ဂ) အငှားချထားခြင်းခံရသူအနေဖြင့် အငှားချထားစဉ်ကာလအတွင်း မြေကိုငြိမ်းချမ်းစွာနှင့် အေးဆေးစွာ အသုံးပြုခွင့်ရပြီး အငှားချထားသူသဘောအရ (သို့မဟုတ်) အငှားချထားသူ၏ ယုံကြည်အပ်နှံသူတို့၏ ပါဝင်ပတ်သက်မှု၊ ဝင်ရောက်နှောက်ယှက်မှုတို့ မရှိစေရ။

(ဃ) ဟိုတယ်လုပ်ငန်းဆောင်ရွက်ရေးအတွက် ဥပဒေအရလိုအပ်သော ခွင့်ပြုချက်များ၊ လိုင်စင်များကိုသက်ဆိုင်ရာ ဌာနများမှရရှိရေးအတွက် လိုအပ်သောကူညီထောက်ပံ့မှုပေးရမည်။

(င) ဆောက်လုပ်မည့်အဆောက်အဦး များအတွက် ဒေသဆိုင်ရာမှထုတ်ပြန်ထားသော အထပ်မြင့်အဆောက်အဦး ဆောက်လုပ်ခြင်းဆိုင်ရာ ကန့်သတ်ချက်များကို လိုက်နာဆောင်ရွက်ရမည်။ဆောက်လုပ်မည့်အဆောက်အဦးများအတွက် ဒေသဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းတစ်ခုခုကြောင့် အဆောက်အဦးဒီဇိုင်းများ ပြောင်းလဲရန်လိုအပ်လာပါက အငှားချထားသူအနေဖြင့် လိုအပ်သောကူညီပံ့ပိုးမှုများနှင့်အဆောက်အဦး ဒီဇိုင်းပြောင်းလဲမှုများအား ခွင့်ပြုပေးရမည်။

၉။ **မြေနှင့်အဆောက်အအုံ ပြန်လည်လွှဲပြောင်းပေးခြင်း** ။ဤသဘောတူစာချုပ်ပါ စာချုပ်သက်တမ်းကုန်ဆုံးသည့်အခါ(သို့မဟုတ်) စာချုပ်ရပ်စဲသည့်အခါ စာချုပ်သက်တမ်းကုန်ဆုံးသည့်နေ့မှ (သို့မဟုတ်) စာချုပ်ရပ်စဲသည့်နေ့မှ(၃)လအတွင်း အငှားချထားခြင်းခံရသူက အငှားချထားသည့်မြေနှင့် အဆောက်အဦးများ၊ ၎င်းမြေပေါ်ရှိ အငှားချထားခြင်းခံရသူမှ ဆောက်လုပ်ထားသော အဆောက်အဦနှင့် ပစ္စည်းများအားလုံးအဖိုးစားနားမှုမပါရှိဘဲ အငှားချထားသူအားကောင်းမွန်သောအနေအထားဖြင့် ပြန်လည်လွှဲပြောင်းပေးအပ်ခြင်းပြုရမည်။သို့ရာတွင် ဟိုတယ်လုပ်ငန်းနှင့် မြေပေါ်တွင် အငှားချထားခြင်းခံရသူမှဆောက်လုပ်ခဲ့သည့် အဆောက်အဦတွင် တပ်ဆင်ထားသည့် (Fixture)ပစ္စည်းများမှ အပကျန်ရွှေ့ပြောင်းနိုင်သည့်ပစ္စည်းများအားလုံးကို အငှားချထားခြင်းခံရသူမှ ယူဆောင်သွားခြင်းပြုနိုင်သည်။

၁၀။ **စာချုပ်သက်တမ်းတိုးခြင်း**။ အငှားချထားခြင်းခံရသူသည် စာချုပ်သက်တမ်းတိုးမြှင့်လိုပါက ကနဦးသက်တမ်းမကုန်ဆုံးမီ အနည်းဆုံး (၃) လ ကြိုတင်၍အငှားချထားသူသို့ စာဖြင့်အကြောင်းကြားတင်ပြရမည်။ ကနဦးနှစ်(၅၀) ငှားရမ်းပြီး စာချုပ်သက်တမ်းတိုးခြင်းသည် တစ်ကြိမ်လျှင်(၁၀)နှစ်ဖြင့် သက်တမ်း(၂)ကြိမ်အထိ စာချုပ်သက်တမ်းတိုးမြှင့်ခွင့်ရှိသည်။

၁၁။ **စာချုပ်အကျိုးသက်ရောက်မည့်နေ့ရက်**။ ဤစာချုပ်သည်အငှားချထားသူနှင့် အငှားချထားခြင်းခံရသူတို့ တရားဝင် လက်မှတ်ရေးထိုးသည့်နေ့မှစတင်၍ အကျိုးသက်ရောက်စေရမည်။

၁၂။ **အငြင်းပွားမှုဖြေရှင်းခြင်း**။ ဤမြေငှားစာချုပ်မှ အငြင်းပွားမှုပေါ်လာပါက ထိုအငြင်းပွားမှုကိုနှစ်ဦးနှစ်ဖက်ငြိမ်းချမ်းစွာညှိနှိုင်းဖြေရှင်းကြရမည်။ ဤကဲ့သို့ညှိနှိုင်းဖြေရှင်းမရပါက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အနုညာတစီရင်ဆုံးဖြတ်ခြင်း ၂၀၁၆ ဥပဒေနှင့်အညီ စီရင်ဆုံးဖြတ်ခွင့်ရှိသော တရားရုံး၏အဆုံးအဖြတ်ကိုခံယူရမည်။

၁၃။ **စာချုပ်ရပ်စဲခြင်း**။ ဤစာချုပ်ကိုချုပ်ဆိုသူများသည် အောက်ဖော်ပြပါ အကြောင်းအချင်းရာတစ်ရပ်ရပ်ဖြစ်ပေါ်လာလျှင် စာချုပ်ကို ရပ်စဲခွင့်ရှိစေရမည်-

(က) ဤစာချုပ်ပါအဓိကတာဝန်များနှင့် စည်းကမ်းချက်တစ်ရပ်ရပ်ကို စာချုပ်တစ်ဖက်ဖက်က ဆောင်ရွက်ရန်ပျက်ကွက်ခြင်း။

(ခ) မလွန်ဆန်နိုင်သော ဖြစ်ရပ်သည် (၆)လ ကာလကြာမြင့်ခြင်း။

(ဂ) လုပ်ငန်း၏ မူလရည်မှန်းချက်များကို ဆက်လက်အကောင်အထည်ဖော်နိုင်စွမ်းမရှိတော့ခြင်း။

(ဃ) နှစ်ဖက်သဘောတူ စာချုပ်ရုပ်စဲခြင်း။

(င) အထက်ဖော်ပြပါ အကြောင်းအရာများကြောင့် စာချုပ်ရုပ်စဲသည့်အခါ စာချုပ်ရုပ်စဲပြီးနောက် (၃) လ အတွင်း မြေနှင့်တကွမြေပေါ်ရှိ အဆောက်အဦ၊ တပ်ဆင်ထားသော ပစ္စည်းများ အပါအဝင် အားလုံးတို့ကို အငှားချထားခြင်းခံရသူက အငှားချထားသူသို့ အဖိုးစားနားမဲ့ပြန်လည်ပေးအပ်ရမည်။

၁၄။ **ညှိနှိုင်းဆွေးနွေးခြင်းနှင့် စာချုပ်ပြင်ဆင်ခြင်း**။ လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပေါ်ပေါက်လာသည့် အခြေအနေများ (သို့မဟုတ်) စည်းကမ်းချက်များသည် ဤသဘောတူစာချုပ်စည်းကမ်းများနှင့် ကိုက်ညီမှုမရှိဘဲ ပြင်ဆင်ဖြည့်စွက်ပြောင်းလဲရန် လိုအပ်လာလျှင် စာချုပ်ဝင်နှစ်ဦးနှစ်ဖက်လုံး လိုအပ်သောညှိနှိုင်းဆွေးနွေးမှုများပြုလုပ်ပြီး စာချုပ်ကို နှစ်ဦးသဘောတူ စာဖြင့်ပြင်ဆင်ချုပ်ဆိုနိုင်သည်။ထိုသို့ပြင်ဆင်ချက်များသည် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်က သဘောတူမှသာလျှင် အတည်ဖြစ်စေရမည်။

၁၅။**ဓါတ်သတ္တုအရင်းအမြစ်များ နှင့်ရတနာများ**။ ဤစာချုပ်၏ သက်တမ်းကာလအတွင်း ငှားရမ်းထားသည့်၏ မြေပေါ်မြေအောက်အတွင်းမှ မမျှော်လင့်ဘဲ ဓါတ်သတ္တုအရင်းအမြစ်များ၊ ကျောက်မျက်ရတနာများ၊ နှင့်သဘာဝ သယံဇာတများ၊ ရှေးဟောင်းပစ္စည်းများတွေ့ရှိလျှင် သက်ဆိုင်ရာမြန်မာနိုင်ငံတော်အစိုးရအဖွဲ့အစည်းသို့ ချက်ခြင်း အကြောင်းကြားတင်ပြရမည်။ ထိုပစ္စည်းများကိုနိုင်ငံတော်က ပိုင်ဆိုင်ပြီးနိုင်ငံတော်ကခွင့်ပြုလျှင် အငှားချထားသူနှင့် သက်ဆိုင်ရာအဖွဲ့အစည်းက လွတ်လပ်စွာတူးဖော်ရယူခွင့် ရှိစေရမည်။

၁၆။**မလွန်ဆန်နိုင်သော ဖြစ်ရပ်များ**။ မလွန်ဆန်နိုင်သောဖြစ်ရပ်များဆိုသည်မှာ သဘာဝအလျောက် ကြုံတွေ့နိုင်သည့် ရေဘေး၊ လေဘေး၊ မီးဘေး၊ မြေငလျင်ဘေးစသည့်များအပြင် နိုင်ငံတော်အစိုးရ၏ ကန့်သတ်တားမြစ်ချက်များ၊ တရားဥပဒေစိုးမိုးရေးနှင့် ငြိမ်ဝပ်ပိပြားမှုပျက်ပြယ်ခြင်း၊ စစ်ဖြစ်ခြင်း၊ သပိတ်မှောက်ခြင်း စသည်တို့နှင့် စာချုပ်ဝင် တစ်ဖက်ဖက်က လိုအပ်သောသတိဝီရိယနှင့် ဆောင်ရွက်စေကာမူမလွန်ဆန် မကျော်လွှားနိုင်သည့် အလားတူဖြစ်ရပ်များကြောင့် ငှားရမ်းသုံးစွဲမှုကို ထိခိုက်ဆုံးရှုံးစေလျှင်အငှားချထားခြင်းခံရသူသည် အငှားချထားသူသို့ နစ်နာဆုံးရှုံးမှုအတွက် လျော်ကြေးတောင်းခွင့်မရှိစေရ။ ထိုသို့မလွန်ဆန်နိုင်သော ဖြစ်ရပ်ပေါ်ပေါက်လာပါက ယင်းဖြစ်ရပ်ဖြစ်ပေါ်သည့် အချိန်မှ (၁၄)ရက်အတွင်း အငှားချထားခြင်းခံရသူသည် အငှားချထားသူသို့ ချက်ချင်းစာဖြင့် ရေးသားအကြောင်းကြားရမည်။ အငှားချထားသူက လက်ခံအတည်ပြုလျှင် မလွန်ဆန်နိုင်သော ဖြစ်ရပ်မြောက်ပြီး မြေအသုံးပြုခွင့်နှင့် တိုက်ရိုက်သက်ဆိုင်သောဖြတ်တောက်ကာလအပိုင်းအခြားအတွက် ငှားရမ်းခကို သက်သာခွင့်ပြုနိုင်သည်။

၁၇။ **ဝန်ထမ်းများခန့်ထားခြင်း**။ လိုအပ်သောဝန်ထမ်းများကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံဥပဒေများနှင့် အညီ အငှားချထားခြင်းခံရသူသည်ခန့်ထားပြီး ယင်းတို့၏လစာများ၊ အခကြေးငွေများ၊ ခရီးစရိတ်များ၊ အခွင့်အရေးများကို ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီခွင့်ပြုသွားရမည်။နိုင်ငံခြားသားဝန်ထမ်းများခန့်အပ်ခဲ့ပါက ၄င်းတို့နှင့် ယင်းတို့၏ မိသားစုများသည် မြန်မာနိုင်ငံတွင်နေထိုင်စဉ်မြန်မာနိုင်ငံ၏ ဥပဒေများကိုလေးစားလိုက်နာရန်နှင့် မြန်မာနိုင်ငံ၏ ပြည်တွင်းရေးတွင် ဝင်ရောက်စွက်ဖက်ခြင်းမပြုရန် အငှားချထားခြင်းခံရသူကတာဝန်ယူရမည်။

၁၈။**ပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ရေး**။ အငှားချထားခြင်းခံရသူသည် စွန့်ပစ်ပစ္စည်းများစနစ်တကျစွန့်ပစ်ရန်၊

ရေဆိုးများသန့်စင်စေရန်စီမံခြင်း၊ ရေလွှတ်စနစ်ထားရှိခြင်းတို့ကို အစီအမံပြုလုပ်ထားရမည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သက်ဆိုင်သောဥပဒေ၊ တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ပတ်ဝန်းကျင်ညစ်ညမ်းမှုမရှိစေရန်အတွက် အကောင်အထည်ဖော်ဆောင်ရွက်ရမည်။

၁၉။ **စာပေးစာယူပြုလုပ်ရန် ကိစ္စ**။ စာပေးစာယူပြုလုပ်ရာတွင် မြန်မာဘာသာ သို့မဟုတ် အင်္ဂလိပ်ဘာသာဖြင့် ရေးသား၍ မှတ်ပုံတင်စာပို့ခြင်း၊ လေကြောင်းစာပို့ခြင်း၊ အမြန်ချောပို့ခြင်း၊ တဲလက်စ်ဖြင့် ပို့ခြင်း၊ အီးမေးလ်၊ ဖက်စ်ဖြင့် ပို့ခြင်းတို့ကို အသုံးပြု၍အောက်ပါ လိပ်စာအတိုင်း အချင်းချင်းဆက်သွယ်ရမည်။ လိပ်စာပြောင်းလဲခြင်းရှိပါက တဖက်သို့ချက်ချင်းအသိပေးအကြောင်းကြားရမည်။

(က) အငှားချထားသူ

ပြည်နယ်အစိုးရအဖွဲ့၊ ရခိုင်ပြည်နယ်၊ စစ်တွေမြို့။

အငှားချထားခြင်းခံသူ (ကိုယ်စား)

(ခ) အငှားချထားခြင်းခံရသူ

ဦးအောင်မျိုးမင်းဒင်

ဗိုလ်မြတ်ထွန်းကိုဒိုမီနီယံ(၆)လွှာ၊အခန်း(၀၆-၀၄၊

+၀၆-၀၅၊၀၆-၀၆)၊ဗိုလ်တထောင်မြို့နယ်

၂၁။ **မြေသို့ပြန်လည်ဝင်ရောက်ခွင့်**။ အငှားချထားခြင်းခံရသူသည် စာချုပ်ပါစည်းကမ်းတစ်ရပ်ရပ်ကို ဆောင်ရွက်ရန် (သို့မဟုတ်) လိုက်နာရန်ပျက်ကွက်ခြင်းကြောင့် အငှားချထားသူက ယင်းကဲ့သို့ပျက်ကွက်မှုများကို ပြုပြင်ရန်(သို့မဟုတ်) လိုက်နာရန် အငှားချထားခြင်းခံရသူသို့ အကြောင်းကြားစာ ပေးပို့ပြီးနောက်အကြောင်းကြားစာပါ ကာလအတွင်း လိုက်နာမှုမရှိပါက အငှားချထားသူသည် အငှားချထားသည့်မြေနှင့် အဆောက်အဦများကို ပြန်လည်ဝင်ရောက်၍ လက်ရောက်ရယူခွင့်ရှိသည်။သို့ရာတွင်ယင်းသို့ဝင်ရောက်၍ လက်ရောက်ရယူခြင်းသည် အငှားချထားသူက အငှားချထားခြင်းခံရသူထံမှ ရရန်ရှိသောငှားရမ်းခ(သို့မဟုတ်) ပျက်စီးဆုံးရှုံးမှုအတွက် လျော်ကြေးတောင်းဆိုခွင့်ကို ထိခိုက်ခြင်းမရှိစေရ။

၂၂။ **အာမခံထားခြင်း**။ အငှားချထားခြင်းခံရသူသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၊ မြန်မာ့အာမခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ လိုအပ်သောအမျိုးအစားအားလုံးအာမခံများထားရမည်။

၂၃။ **အထွေထွေ**။ ဤစာချုပ်တွင်ပါရှိသည့် မြေပုံ၊ မြေရာဇဝင်စာရွက်စာတမ်း၊ ဟိုတယ်အဆောက်အဦးပုံစံများ၊ အထောက်အထားများသည် ဤသဘောတူစာချုပ်၏ တစ်စိတ်တစ်ဒေသဖြစ်ပါသည်။ အထက်စာချုပ်ပါ စည်းကမ်းချက်များကို အငှားချထားသူ နှင့် အငှားချထားခြင်းခံရသူ တို့သေချာစွာဖတ်ရှုပြီး နှစ်ဦးနှစ်ဖက် သဘောတူလက်ခံပါသဖြင့် ------ခုနှစ်၊ ------လ၊ ----- ရက်နေ့၌ အောက်ပါအသိသက်သေများ ရှေ့မှောက်တွင် အငှားချထားသူ နှင့် အငှားချထားခြင်းခံရသူ တို့က လက်မှတ်ရေးထိုးကြပါသည်။

အငှားချထားသူ(ကိုယ်စား)		အငှားချထားခြင်းခံသူ(ကိုယ်စား)	
လက်မှတ်	--------------	လက်မှတ်	--------------
အဆင့်/အမည်	--------------	အဆင့်/အမည်	--------------
ပြန်တမ်းဝင်အမှတ်	--------------	ပြန်တမ်းဝင်အမှတ်	--------------
ရာထူး	--------------	ရာထူး	--------------
လိပ်စာ	--------------	လိပ်စာ	--------------

အသိသက်သေများ

လက်မှတ်	--------------	လက်မှတ်	--------------
အမည်	--------------	အမည်	--------------
မှတ်ပုံတင်အမှတ်	--------------	မှတ်ပုံတင်အမှတ်	--------------
ရာထူး	--------------	ရာထူး	--------------
လိပ်စာ	--------------	လိပ်စာ	--------------

ရခိုင်ပြည်နယ်၊ သံတွဲမြို့နယ် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ပိုင်မြေ (၁၁၅.၁၂) ဧကရှိ ငပလီဂေါက်ကွင်းအား မြေငှားရမ်းခြင်း သဘောတူစာချုပ်

ဤသဘောတူစာချုပ်ကို ၂၀၁၄ ခုနှစ်၊ --------လ ၊ ( ) ရက်နေ့တွင် ရခိုင်ပြည်နယ်၊ စစ်တွေမြို့ရှိ -------------ရာထူး-------------------ကိုယ်စားပြုသော ရခိုင်ပြည်နယ်အစိုးရအဖွဲ့ (နောင်တွင် "အငှားချထားသူ" ဟု ခေါ်တွင်စေပြီး ယင်းစကားရပ်တွင်၄င်းအား ဆက်ခံသူများ၊ ဥပဒေအရလွှဲအပ်ခြင်း ခံရသူများပါဝင်သည်) ကတစ်ဖက်

နှင့်

ဦးအောင်မျိုးမင်းဒင်၊ မှတ်ပုံတင်အမှတ်(၁၂/ကမရ(နိုင်)၀၂၈၁၂၂၊ အုပ်ချုပ်မှုဒါရိုက်တာ ကိုယ်စားပြုသော မြန်မာနိုင်ငံ ကုမ္ပဏီများအက်ဥပဒေအရ ဖွဲ့စည်းတည်ထောင်ထားသည့် ရန်ကုန်တိုင်းဒေသကြီး၊ဗိုလ်တထောင်မြို့နယ်၊ မဟာဗန္ဓုလလမ်းနှင့်ဗိုလ်မြတ်ထွန်းလမ်းထောင့်၊ဗိုလ်မြတ်ထွန်းကိုဒိုမီနီယံ(၆)လွှာ၊အခန်း(၀၆-၀၄၊၀၆-၀၅၊၀၆-၀၆)တွင် တည်ရှိသသည့် Amazing Holidays Hotels & Resorts Co.,Ltd (နောင်တွင် "အငှားချထားခြင်းခံရသူ" ဟု ခေါ်ဆိုမည်ဖြစ်ပြီး ယင်းစကားရပ်တွင် ဥပဒေအရ လွှဲအပ်ခြင်းခံရသူများနှင့် ၄င်းအားဆက်ခံသူများနှင့် တရားဝင်ကိုယ်စားလှယ်များ ပါဝင်သည်)က အခြားတစ်ဖက်တို့သည် အောက်ပါ စည်းကမ်းချက်များနှင့် အညီ နှစ်ဦးနှစ်ဖက် B.O.T စနစ်ဖြင့်ငှားရမ်းခြင်းသဘောတူစာချုပ်ချုပ်ဆိုပါသည်။

၁။ **ရည်ရွယ်ချက်**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ခေတ်မီဖွံ့ဖြိုးတိုးတက်ပြောင်းလဲလာမှုများနှင့်အညီ ရခိုင်ပြည်နယ် အစိုးရအဖွဲ့ပိုင်မြေဖြစ်သော သံတွဲမြို့နယ်၊ ငပလီဂေါက်ကွင်းအား နိုင်ငံတကာအဆင့်မှီပြင်ဆင်ဆောင်ရွက်နိုင်ရန်နှင့် နိုင်ငံတကာအဆင့်မီဟိုတယ်လုပ်ငန်းများဆောက်လုပ်ခြင်းဖြင့် ပြည်သူများ၏အလုပ်အကိုင်အခွင့်အလမ်းနှင့် စီးပွားရေးဖွံ့ဖြိုးမှုများ ပိုမိုတိုးတက်မှုရရှိစေရန် ရည်ရွယ်၍ချုပ်ဆိုခြင်း ဖြစ်ပါသည်။

၂။ **အာမခံခြင်းနှင့် ကိုယ်စားပြုခြင်း**

အငှားချထားသူ သည် နောက်ဆက်တွဲများတွင် အသေးစိတ်ဖော်ပြထားသော အငှားချထားသည့် ရခိုင်ပြည်နယ်၊သံတွဲမြို့နယ်၊ငပလီဂေါက်ကွင်း(၁၁၅ဒသမ၁၂)ဧကရှိ ဂေါက်ကွင်းလုပ်ငန်းနှင့် အဆောက်အဦများကိုဥပဒေအရ တရားဝင်ပိုင်ဆိုင်ခွင့်ရှိသူဖြစ်ကြောင်း အာမခံပါသည်။အငှားချထားခြင်းခံရသူ သည် မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှုဥပဒေအရအထက်ပါမြေကို B.O.Tစနစ်ဖြင့်ငှားရမ်းပြီး နိုင်ငံတကာအဆင့်မှီဂေါက်ကွင်းနှင့် ဟိုတယ်လုပ်ငန်းများလုပ်ကိုင်ရန် စာချုပ်ကို အကောင်အထည်ဖော်ရန် ငွေကြေးအင်အားပြည့်စုံသူဖြစ်ပြီး အငှားချထားသူနှင့်အငှားချထားခြင်းခံရသူသည် စာချုပ်တွင် လက်မှတ်ရေးထိုးချုပ်ဆိုခွင့်ရှိသူများဖြစ်ကြောင်းနှင့် ဥပဒေအရလုပ်ပိုင်ခွင့်ရှိသူများဖြစ်ကြောင်း အသီးသီး အာမခံပါသည်။

၃။ **အငှားချထားသည့် မြေတည်နေရာနှင့် ငှားရမ်းခြင်းသက်တမ်း**။ ငှားရမ်းသည့်မြေတည်နေရာ၊ ငှားရမ်းခြင်း သက်တမ်းနှင့် ဆောင်ရွက်ရမည့်လုပ်ငန်းတို့ကို အောက်ဖော်ပြပါအတိုင်း ဆောင်ရွက်ရပါမည်-

(က) **ငှားရမ်းသည့်မြေတည်နေရာ။** ရခိုင်ပြည်နယ်၊ သံတွဲမြို့နယ်ရှိ ရခိုင်ပြည်နယ်အစိုးရအဖွဲ့ပိုင် မြေ (၁၁၅ဒသမ၁၂)ဧက ပူးတွဲ (၁) ဖြင့်တင်ပြထားသော မြေပုံတွင် အနီအမှတ်အသားပြထားသည့် ဘောင်အတွင်းရှိမြေဖြစ်ပါသည်။

(ခ) **ဆောင်ရွက်မည့်လုပ်ငန်း။** (၉)ကျင်းပါ နိုင်ငံတကာအဆင့်မှီဂေါက်ကွင်းလုပ်ငန်း၊ အခန်း(၈၈)ပါ Amazing Golf Resort နှင့် အခန်း(၄၀)ပါ Luxury Apartment လုပ်ငန်းဆောင်ရွက်ခြင်းကို အငှားချထားခြင်းခံရသူက မိမိစရိတ်ဖြင့် တည်ဆောက်လုပ်ကိုင်ရမည်ဖြစ်ပါသည်။

(ဂ) **ရင်းနှီးမြှုပ်နှံမှုပမာဏ။** အမေရိကန်ဒေါ်လာ (၆ . ၆၀၉)သန်းအပါအဝင် မြန်မာကျပ်ငွေ (၁၀၆၇၇ . ၂)သန်း ဖြစ်ပါသည်။

၄။ **ငှားရမ်းခနှုန်းထားနှင့် ငွေပေးချေခြင်းနည်းလမ်း။** အငှားချထားခြင်းခံရသူသည်အပိုဒ်(၃)ပါမြေ(၁၁၅ . ၁၂)ဧက အတွက် ငှားရမ်းခကို အောက်ပါအတိုင်းပေးဆောင်ရမည်-

(က) အငှားချထားခြင်းခံရသူသည် ပေလီဂေါက်ကွင်းငှားရမ်းခြင်းအတွက် တစ်နှစ်လျှင်ကျပ်(၅၀,၀၀၀,၀၀၀/-)(ကျပ်သိန်းငါးရာတိတိ) ကို အငှားချထားသူသို့ ပေးသွင်းရမည်။

(ခ) မြေအသုံးချမှုပရီမီယံကြေးအား ပြည်နယ်အစိုးရရန်ပုံငွေအဖြစ် ကျပ်သိန်း(၁၀၀၀၀/ ကျပ်သိန်းတစ်သောင်း) အား

-ပထမအကြိမ်အား B.O.T စနစ်ဖြင့်မြေငှားရမ်းခြင်း စာချုပ်ချုပ်ဆိုပြီး(၁)လ ကျပ်သိန်း(၁၇၀၀/ကျပ်သိန်းတစ်ထောင့်ခုနှစ်ရာ တိတိအားလည်းကောင်း၊

-ဒုတိယအကြိမ်အားB.O.T စနစ်ဖြင့်မြေငှားရမ်းခြင်း စာချုပ်ချုပ်ဆိုပြီး(၆)လ အတွင်း ကျပ်သိန်း(၂၇၆၇/ ကျပ်သိန်းပေါင်းနှစ်ထောင့် ခုနှစ်ရာခြောက်ဆယ့်ခုနှစ် တိတိအားလည်းကောင်း၊

-တတိယအကြိမ် B.O.T စနစ်ဖြင့်မြေငှားရမ်းခြင်း စာချုပ်ချုပ်ဆိုပြီး(၁၂)လ အတွင်းကျပ်သိန်း(၂၇၆၇/ ကျပ်သိန်းပေါင်းနှစ်ထောင့် ခုနှစ်ရာခြောက်ဆယ့်ခုနှစ် တိတိအား လည်းကောင်း၊

-စတုတ္ထအကြိမ်အားB.O.T စနစ်ဖြင့်မြေငှားရမ်းခြင်း စာချုပ်ချုပ်ဆိုပြီး(၁၈)လ အတွင်းကျပ်သိန်း(၂၇၆၆/ ကျပ်သိန်းပေါင်းနှစ်ထောင့် ခုနှစ်ရာခြောက်ဆယ့်ခြောက် တိတိအားလည်းကောင်း၊ ၄ ကြိမ်ခွဲ၍ပေးသွင်းရမည်။

(ဂ) မြေအသုံးချမှုပရီမီယံကို အထက်အပိုဒ်(ခ)ပါ သဘောတူညီချက်အတိုင်း အချိန်မှီပေးချေခြင်းမပြုနိုင်ပါက ကျော်လွန်သည့်တစ်ရက်လျှင် ပေးချေရမည့်ငွေ၏ (၀ . ၀၅%)(ဒသမသုညငါးရာခိုင်နှုန်း)နှင့်ညီမျှသော ငွေကို ဒဏ်ကြေးအဖြစ် အငှားချထားခြင်းခံရသူက ပေးဆောင်ရမည်။

(ဃ) နှစ်စဉ်ငှားရမ်းခ(၁)နှစ်လျှင် ကျပ်(၅၀,၀၀၀,၀၀၀/-)(ကျပ်သိန်းငါးရာတိတိ)ကို (၆)လလျှင်တစ်ကြိမ်(၂)ကြိမ်ခွဲ၍ ပေးသွင်းရမည်။

(င) နှစ်စဉ်မြေငှားရမ်းခကို အထက်အပိုဒ်(ဃ)ပါ သဘောတူညီချက်အတိုင်း အချိန်မှီပေးချေခြင်းမပြုပါက

ကျော်လွန်သည့်တစ်ရက်လျှင် ပေးချေရမည့်ငွေ၏ (၀ ၊ ၀၃%) (ဒသမ သုညသုံးရာခိုင်နှုန်း) နှင့်ညီမျှသော ငွေကို ဒဏ်ကြေးအဖြစ် အငှားချထားခြင်းခံရသူက ပေးဆောင်ရမည်။

(စ) အထက်အပိုဒ်(ဃ)အရ သတ်မှတ်ထားသော နှစ်စဉ်မြေငှားရမ်းခ မြန်မာငွေများကို (၁)နှစ်လျှင် နှစ်ကြိမ်ပေးသွင်းရမည်။

(ဆ) ငွေပေးသွင်းရာတွင် မြန်မာငွေကို -----စာရင်းအမှတ်၊အမ်ဒီ------ သို့ပေးသွင်းရန်နှင့် ငွေသွင်းပြေစာမူရင်းများ ပေးပို့ရမည်။

(ဇ) ငှားရမ်းခများကို ပေးဆောင်ရန်အချိန်စေ့ရောက်ပြီးသည့်နေ့မှစ၍ ရက်ပေါင်း(၃၀)အတွင်း အငှားချထားခြင်းခံရသူက အထက်အပိုဒ်(ဆ)ပါ ငွေစာရင်းခေါင်းစဉ်သို့ ပေးသွင်းရမည်။

(ဈ) နှစ်စဉ်ငှားရမ်းခကို (၅)နှစ်(ငါးနှစ်)တစ်ကြိမ် နှစ်ဖက်ပြန်လည်ညှိနှိုင်းသုံးသပ်ရမည်။ အကယ်၍ ငှားရမ်းထပ်မံတိုးမြှင့်မည်ဆိုပါက ယင်းတိုးမြှင့်သည့်နှုန်းသည် မူလငှားရမ်းခ၏(၁၀%)ထက် မကျော်လွန်စေရ။

၅။တည်ဆောက်ရေးကာလ

စာချုပ်ချုပ်ဆိုသည့်နေ့မှစ၍ (၂)နှစ်အတွင်း တည်ဆောက်ရေးလုပ်ငန်းများကိုအပြီးသတ်ဆောင်ရွက်ရမည် ဖြစ်ပါသည်။

၆။မြေငှားသက်တမ်း

ဤB.O.T စနစ်ဖြင့်မြေငှားရမ်းခြင်းသဘောတူစာချုပ်ပါ မြေငှားသက်တမ်းမှာ စာချုပ်လက်မှတ်ရေးထိုးပြီးနောက် တည်ဆောက်ရေးကာလ(၂) နှစ်ပြည့်သည့်နေ့ (- -၂၀၁၈) မှ စ၍ ကနဦး နှစ်(၅၀) ဖြစ်ပြီး တစ်ကြိမ်လျှင် (၁၀) နှစ်ဖြင့် သက်တမ်း(၂)ကြိမ်အထိ တိုးမြှင့်နိုင်သည်။

၇။ **အငှားချထားခြင်းခံရသူ၏ တာဝန်နှင့် အခွင့်အရေးများ။**အငှားချထားခြင်းခံရသူသည် အောက်ပါစည်းကမ်းများအား လိုက်နာဆောင်ရွက်ရမည်ဖြစ်ပါသည်-

(က) အငှားချထားခြင်းခံရသူသည် အဆိုပြုတင်ပြထားသောအဆောက်အဦးအမျိုးအစားအလိုက်၏ အရေအတွက်များအတိုင်းသာဆောက်လုပ်သွားရမည်ဖြစ်ပြီးပြောင်းလဲပြင်ဆင်ဆောက်လုပ်လိုပါက အငှားချထားသူထံ ပြန်လည်တင်ပြ၍ အတည်ပြုချက်ရယူပြီးမှသာဆောက်လုပ်ခွင့်ပြုရမည်။

(ခ) အငှားချထားခြင်းခံရသူသည် အငှားချထားစဉ်ကာလအတွင်း ယင်းမြေ၏ လုပ်ငန်းတစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ တစ်ဆင့်အငှားချထားခြင်း၊ ထုခွဲရောင်းချခြင်း၊ တနည်းနည်းဖြင့်တစ်ဆင့်လွှဲပြောင်းခြင်းမပြုလုပ်ရ။

(ဂ) အငှားချထားခြင်းခံရသူသည် တည်ဆဲဥပဒေများအရ မြေငှားရမ်းထားသည့်ကာလအတွင်း ယင်းမြေပေါ်ရှိ ဆောက်လုပ်ထားပြီး၊ ဆောက်လုပ်မည့် မည့်သည့်အဆောက်အအုံကိုဖြစ်စေ(သို့မဟုတ်)အဆောက်အအုံ၏ အစိတ်အပိုင်းများကိုဖြစ်စေ-

(၁)အခြားအဖွဲ့အစည်း/ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ထံသို့ ထပ်ဆင့်ငှားရမ်း၊ လွှဲပြောင်းခြင်း၊ အပ်နှံခြင်းနှင့် စွန့်လွှတ်ခြင်းများ ဆောင်ရွက်နိုင်သည်။

(၂) မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံကော်မရှင်နှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ခွင့်ပြုချက်ကို ရယူ၍ ငှားရမ်းထားသော မြေ (သို့မဟုတ်) ၎င်းမြေပေါ်ရှိ တည်ဆောက်ထားသော အဆောက်အဦးများကို အာမခံပစ္စည်းအဖြစ် ထားရှိဆောင်ရွက်ခြင်း (အိမ်ရာချေးငွေအပါအဝင်) နှင့် ဆောင်ရွက်ခွင့်ရရှိသူ အဖွဲ့အစည်း/ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား အပ်နှံဆောင်ရွက်ခွင့်ပြုနိုင်သည်။

(ဂ) ငှားရမ်းသည့်အချိန်ကာလအတွင်း မြေပေါ်တွင်တည်ဆောက်မည့် အဆောက်အဦးများကို မီးအာမခံနှင့် အခြားလိုအပ်သောအာမခံများကို မြန်မာ့အာမခံဥပဒေအရထားရှိရန် အငှားချထားခြင်းခံရသူကတာဝန်ယူရမည်။

(ဃ) အငှားချထားခြင်းကိစ္စနှင့်စပ်လျဉ်း၍ မြေခွန်မှအပအခြားစည်ပင်သာယာခွန်အပါအဝင်လုပ်ငန်းဆောင်ရွက်မှုနှင့်သက်ဆိုင်သောအခွန်အခအားလုံးကို အချိန်မှန်မှန်ပေးသွင်းရမည်။

(င) အငှားချထားခြင်းခံရသူက ဂေါက်ကွင်းနှင့် ဟိုတယ်လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ ဝင်ငွေစာရင်းအင်းများကို စနစ်တကျထားရှိရမည်။

(စ) နိုင်ငံတော်မှ ချမှတ်ထားသော မူဝါဒများကိုလိုက်နာ၍ တရားဥပဒေနှင့် ငြိစွန်းသော လုပ်ငန်းရပ်များလုပ်ဆောင်ခြင်းမှ ရှောင်ကျဉ်ရမည်။

(ဆ) စာချုပ်ပါလုပ်ငန်းများဆောင်ရွက်ရာတွင် နည်းပညာအရသော်လည်းကောင်း၊ စီမံခန့်ခွဲမှုအရသော်လည်းကောင်း၊ ရင်းနှီးမြှုပ်နှံမှုအရသော်လည်းကောင်း၊ အငှားချထားသူ၏ ခွင့်ပြုချက်ဖြင့် အခြားကုမ္ပဏီ(၁)ခုနှင့် ပူးပေါင်းဆောင်ရွက်နိုင်သည်။ သို့ရာတွင် အငှားချထားသူအား ဤစာချုပ်ပါတာဝန်များမှ ကင်းလွတ်ခွင့်ပြုမည်မဟုတ်ပါ။

၈။ **အငှားချထားသူ၏ တာဝန်များ။** အငှားချထားသူသည် အောက်ပါစည်းကမ်းများအား လိုက်နာဆောင်ရွက်ရမည်ဖြစ်ပါသည် –

(က) အငှားချထားသူသည် ငှားရမ်းသည့်မြေခွန်ကို ပေးဆောင်ရမည်။

(ခ) အငှားချထားသူသည်လုပ်ငန်း ဆောင်ရွက်ခွင့်ရရှိရေးအတွက် လိုအပ်သောခွင့်ပြုချက်များ အငှားချထားခြင်းခံရသူက ရရှိရန်ကူညီဆောင်ရွက်ပေးရမည်။

(ဂ) အငှားချထားခြင်းခံရသူအနေဖြင့် အငှားချထားစဉ်ကာလအတွင်း မြေကိုငြိမ်းချမ်းစွာနှင့် အေးဆေးစွာအသုံးပြုခွင့်ရပြီး အငှားချထားသူသဘောအရ (သို့မဟုတ်) အငှားချထားသူ၏ ယုံကြည်အပ်နှံသူတို့၏ ပါဝင်ပတ်သက်မှု၊ ဝင်ရောက်နှောက်ယှက်မှုတို့ မရှိစေရ။

(ဃ) ဟိုတယ်လုပ်ငန်းဆောင်ရွက်ရေးအတွက် ဥပဒေအရလိုအပ်သော ခွင့်ပြုချက်များ၊ လိုင်စင်များကိုသက်ဆိုင်ရာ ဌာနများမှရရှိရေးအတွက် လိုအပ်သောကူညီထောက်ပံ့မှုပေးရမည်။

(င) ဆောက်လုပ်မည့်အဆောက်အဦး များအတွက် ဒေသဆိုင်ရာမှထုတ်ပြန်ထားသော အထပ်မြင့်အဆောက်အဦး ဆောက်လုပ်ခြင်းဆိုင်ရာ ကန့်သတ်ချက်များကို လိုက်နာဆောင်ရွက်ရမည်။ဆောက်လုပ်မည့်အဆောက်အဦးများအတွက် ဒေသဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းတစ်ခုခုကြောင့် အဆောက်အဦးဒီဇိုင်းများ ပြောင်းလဲရန်လိုအပ်လာပါက အငှားချထားသူအနေဖြင့် လိုအပ်သောကူညီပံ့ပိုးမှုများနှင့်အဆောက်အဦး ဒီဇိုင်းပြောင်းလဲမှုများအား ခွင့်ပြုပေးရမည်။

၉။ **မြေနှင့်အဆောက်အအုံ ပြန်လည်လွှဲပြောင်းပေးခြင်း** ။ဤသဘောတူစာချုပ်ပါ စာချုပ်သက်တမ်းကုန်ဆုံးသည့်အခါ(သို့မဟုတ်) စာချုပ်ရပ်စဲသည့်အခါ စာချုပ်သက်တမ်းကုန်ဆုံးသည့်နေ့မှ (သို့မဟုတ်) စာချုပ်ရပ်စဲသည့်နေ့မှ(၃)လအတွင်း အငှားချထားခြင်းခံရသူက အငှားချထားသည့်မြေနှင့် အဆောက်အဦးများ၊ ၎င်းမြေပေါ်ရှိ အငှားချထားခြင်းခံရသူမှ ဆောက်လုပ်ထားသော အဆောက်အဦနှင့် ပစ္စည်းများအားလုံးအဖိုးစားနားမျှမပါရှိဘဲ အငှားချထားသူအားကောင်းမွန်သောအနေအထားဖြင့် ပြန်လည်လွှဲပြောင်းပေးအပ်ခြင်းပြုရမည်။သို့ရာတွင် ဟိုတယ်လုပ်ငန်းနှင့် မြေပေါ်တွင် အငှားချထားခြင်းခံရသူမှဆောက်လုပ်ခဲ့သည့် အဆောက်အဦတွင် တပ်ဆင်ထားသည့် (Fixture)ပစ္စည်းများမှ အပကျန်ရွှေ့ပြောင်းနိုင်သည့်ပစ္စည်းများအားလုံးကို အငှားချထားခြင်းခံရသူမှ ယူဆောင်သွားခြင်းပြုနိုင်သည်။

၁၀။ **စာချုပ်သက်တမ်းတိုးခြင်း**။ အငှားချထားခြင်းခံရသူသည် စာချုပ်သက်တမ်းတိုးမြှင့်လိုပါက ကနဦးသက်တမ်းမကုန်ဆုံးမီ အနည်းဆုံး (၃) လ ကြိုတင်၍အငှားချထားသူသို့ စာဖြင့်အကြောင်းကြားတင်ပြရမည်။ ကနဦးနှစ်(၅၀) ငှားရမ်းပြီး စာချုပ်သက်တမ်းတိုးခြင်းသည် တစ်ကြိမ်လျှင်(၁၀)နှစ်ဖြင့် သက်တမ်း(၂)ကြိမ်အထိ စာချုပ်သက်တမ်းတိုးမြှင့်ခွင့်ရှိသည်။

၁၁။ **စာချုပ်အကျိုးသက်ရောက်မည့်နေ့ရက်**။ ဤစာချုပ်သည်အငှားချထားသူနှင့် အငှားချထားခြင်းခံရသူတို့ တရားဝင် လက်မှတ်ရေးထိုးသည့်နေ့မှစတင်၍ အကျိုးသက်ရောက်စေရမည်။

၁၂။ **အငြင်းပွားမှုဖြေရှင်းခြင်း**။ ဤမြေငှားစာချုပ်မှ အငြင်းပွားမှုပေါ်လာပါက ထိုအငြင်းပွားမှုကိုနှစ်ဦးနှစ်ဖက်ငြိမ်းချမ်းစွာညှိနှိုင်းဖြေရှင်းကြရမည်။ ဤကဲ့သို့ညှိနှိုင်းဖြေရှင်းမရပါက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အနုညာတစီရင်ဆုံးဖြတ်ခြင်း ၂၀၁၆ ဥပဒေနှင့်အညီ စီရင်ဆုံးဖြတ်ခွင့်ရှိသော တရားရုံး၏အဆုံးအဖြတ်ကိုခံယူရမည်။

၁၃။ **စာချုပ်ရပ်စဲခြင်း**။ ဤစာချုပ်ကိုချုပ်ဆိုသူများသည် အောက်ဖော်ပြပါ အကြောင်းအချင်းရာတစ်ရပ်ရပ်ဖြစ်ပေါ်လာလျှင် စာချုပ်ကို ရပ်စဲခွင့်ရှိစေရမည်-

(က) ဤစာချုပ်ပါအဓိကတာဝန်များနှင့် စည်းကမ်းချက်တစ်ရပ်ရပ်ကို စာချုပ်တစ်ဖက်ဖက်က ဆောင်ရွက်ရန်ပျက်ကွက်ခြင်း။

(ခ) မလွန်ဆန်နိုင်သော ဖြစ်ရပ်သည် (၆)လ ကာလကြာမြင့်ခြင်း၊

(ဂ) လုပ်ငန်း၏ မူလရည်မှန်းချက်များကို ဆက်လက်အကောင်အထည်ဖော်နိုင်စွမ်းမရှိတော့ခြင်း။

(ဃ) နှစ်ဖက်သဘောတူ စာချုပ်ရုပ်စဲခြင်း။

(င) အထက်ဖော်ပြပါ အကြောင်းအရာများကြောင့် စာချုပ်ရုပ်စဲသည့်အခါ စာချုပ်ရုပ်စဲပြီးနောက် (၃) လအတွင်း မြေနှင့်တကွမြေပေါ်ရှိ အဆောက်အဦ၊ တပ်ဆင်ထားသော ပစ္စည်းများ အပါအဝင် အားလုံးတို့ကို အငှားချထားခြင်းခံရသူက အငှားချထားသူသို့ အဖိုးစားနားမဲ့ပြန်လည်ပေးအပ်ရမည်။

၁၄။ **ညှိနှိုင်းဆွေးနွေးခြင်းနှင့် စာချုပ်ပြင်ဆင်ခြင်း**။ လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပေါ်ပေါက်လာသည့် အခြေအနေများ (သို့မဟုတ်) စည်းကမ်းချက်များသည် ဤသဘောတူစာချုပ်စည်းကမ်းများနှင့် ကိုက်ညီမှုမရှိဘဲ ပြင်ဆင်ဖြည့်စွက်ပြောင်းလဲရန် လိုအပ်လာလျှင် စာချုပ်ဝင်နှစ်ဦးနှစ်ဖက်လုံး လိုအပ်သောညှိနှိုင်းဆွေးနွေးမှုများပြုလုပ်ပြီး စာချုပ်ကို နှစ်ဦးသဘောတူ စာဖြင့်ပြင်ဆင်ချုပ်ဆိုနိုင်သည်။ထိုသို့ပြင်ဆင်ချက်များသည် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်က သဘောတူမှသာလျှင် အတည်ဖြစ်စေရမည်။

၁၅။**ဓါတ်သတ္တုအရင်းအမြစ်များ နှင့်ရတနာများ**။ ဤစာချုပ်၏ သက်တမ်းကာလအတွင်း ငှားရမ်းထားသည့်၏ မြေပေါ်မြေအောက်အတွင်းမှ မမျှော်လင့်ဘဲ ဓါတ်သတ္တုအရင်းအမြစ်များ၊ ကျောက်မျက်ရတနာများ၊ နှင့်သဘာဝ သယံဇာတများ၊ ရှေးဟောင်းပစ္စည်းများတွေ့ရှိလျှင် သက်ဆိုင်ရာမြန်မာနိုင်ငံတော်အစိုးရအဖွဲ့အစည်းသို့ ချက်ခြင်း အကြောင်းကြားတင်ပြရမည်။ ထိုပစ္စည်းများကိုနိုင်ငံတော်က ပိုင်ဆိုင်ပြီးနိုင်ငံတော်ကခွင့်ပြုလျှင် အငှားချထားသူနှင့် သက်ဆိုင်ရာအဖွဲ့အစည်းက လွတ်လပ်စွာတူးဖော်ရယူခွင့် ရှိစေရမည်။

